# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၈) ရက် ၊ သောကြာနေ့ ၊ (14-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး

## မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

---

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးပြုလုပ် စာမျက်နှာ - ၁၉

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှ ဘူတာရုံ နှစ်ရုံကို အသစ်ပြန်လည်တည်ဆောက်မည် စာမျက်နှာ - ၅

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကို ကျေးရွာ ၄၀၁ ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည် စာမျက်နှာ - ၃

ငြင်းလို့မရတဲ့ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှု ဆောင်းပါး စာမျက်နှာ - ၂၁


**Sky Cable Car**ကို ဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။

**ပွဲကောက်ရေတံခွန် (B E.FALLS)**

**အပန်းဖြေစခန်း**



ရတနာပုံ
၂၀၁၄ ခုနှစ် ဇွန် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# မွန်မြတ်ဖြူစင် သွေးလှူရှင်များ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မွန်မြတ်သောစိတ်ဓာတ်စေတနာကောင်းများ ပိုင်ဆိုင်သည့်သွေးလှူရှင်များအားဂုဏ်ပြုရန်၊ စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားလာစေရန်၊ သွေးလိုအပ်ချက်ကို ရာခိုင်နှုန်းပြည့်ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့(World Blood Donor Day) အဖြစ် ၂၀၀၅ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားသွေးဌာနတစ်ခု၊ ပြည်သူ့ဆေးရုံကြီးများတွင် တွဲဖက်ထားသည့် သွေးလှူဘဏ် ခုနစ်ခု၊ ခုတင်(၂၀၀)နှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံများတွင် ဓာတ်ခွဲခန်းနှင့်တွဲဖက်ဆောင်ရွက်နေသော သွေးဘဏ်များကို တိုးချဲ့ဖွဲ့စည်းထားပြီး Blood Management System (BMS) Software ကို တပ်ဆင်အသုံးပြုလျက်ရှိသည်။ ယခုနှစ်တွင် အမျိုးသားသွေးဌာန၌ အသစ်စတင်လှူဒါန်းခဲ့သည့် သွေးလှူရှင် ၉၆၂၅ ဦးရှိပြီး စဉ်ဆက်မပြတ်လှူဒါန်းခဲ့ကြသည့် သွေးလှူရှင် ၂၉၈၆၆ ဦးရှိကြောင်း သိရသည်။

သွေးသည် ခန္ဓာ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒါနပါရမီတွင် တစ်ပါးအပါအဝင်ဖြစ်သော ခန္ဓာကိုယ်အစိတ်အပိုင်း၏ သွေးအလှူ ခေါ် အတွင်းအလှူဖြင့် ရက်ရောစွာလှူဒါန်းခြင်းကို "ဒါနဥပပါရမီ" ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ သွေးနှင့် အသက်ဆက်ရသော သက်ရှိလူသားများအတွက် လုံလောက်သောသွေးရှိမှသာ ခန္ဓာဝန်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ယုတ်စွအဆုံး အမိဝမ်းတွင်း သန္ဓေသားလောင်းအဆင့်မှာပင် စားပွဲတင်ဇွန်းသုံးဇွန်းမျှ ပမာဏရှိသော သွေးက မရှိမဖြစ်လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် သွေးလိုအပ်မှုသည် တစ်နှစ်ထက်တစ်နှစ်များပြားလာသည်နှင့်အညီ စေတနာရှင် သွေးအလှူရှင်များ ပိုမိုများပြားလာစေရေးအတွက် စည်းရုံးပညာပေးသူများ၏ ကဏ္ဍသည် အလွန်အရေးကြီးသည်။ သွေးတစ်ကြိမ်လှူတိုင်း သွေးလှူရှင်ထံမှ ၄၅၀ မီလီလီတာခန့် ပမာဏရှိသော သွေးကိုဖောက်ထုတ်လေ့ရှိသည်။ ထိုပမာဏလေးသည် အရွယ်ရောက်သူသွေးလှူရှင် တစ်ကိုယ်လုံးရှိ သွေးများ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းမျှသာရှိသော်လည်း ထိုသွေးကိုလက်ခံရရှိသူ လူနာအတွက် အသက်တစ်ချောင်းကယ်တင်ရာရောက်၍ အလွန်မွန်မြတ်လှသည်။ သွေးလှူဒါန်းရခြင်းအကျိုးကြောင့် အသက်တစ်ချောင်းကိုကယ်တင်ရုံသာမက သွေးအလှူရှင်အတွက်လည်း အသည်း၊ အဆုတ်၊ အူမကြီး၊ အစာအိမ်၊ လည်ချောင်း စသည့်ကင်ဆာများ ဖြစ်နိုင်ခြေလျော့ပါးစေပြီး ရုတ်တရက်နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကိုလည်း လျော့ကျစေသည့်အပြင် အခြားသော ကျန်းမာရေးကောင်းကျိုးများစွာကိုလည်း ရရှိစေနိုင်သည်။

ယနေ့ကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူမှုထူးချွန်တံဆိပ်(ပထမဆင့်)ကို သွေးလှူရှင် ၁၀ ဦးအားလည်းကောင်း၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)ကို သွေးလှူရှင် တစ်ဦးအားလည်းကောင်း၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်)ကို သံဃာတော်တစ်ပါးအပါအဝင် သွေးလှူရှင် ၅ ဦးအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အကြိမ် ၁၀၀ နှင့်အထက် သွေးလှူရှင် ၁၄၅ ဦး၊ ၉၅ ကြိမ်မှ အကြိမ် ၄၀ နှင့်အထက် သွေးလှူရှင် ၂၄၉ ဦး စုစုပေါင်း ၃၉၄ ဦးကိုလည်း ဂုဏ်ပြုပေးခဲ့ရာ မွန်မြတ်သည့်လုပ်ရပ်ပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ စေတနာသွေးလှူရှင်များ၊ သွေးလှူဘဏ်များတွင် လုပ်ကိုင်နေသူများနှင့် ပြည်သူများကို သွေးလှူဒါန်းလာစေရန် စည်းရုံးပေးသူများအားလုံးသည် လူ့အသက်ကို ကယ်တင်နေကြသူများပင် ဖြစ်ပေရာ မိမိတို့၏ မွန်မြတ်သောစိတ်ဓာတ်စေတနာကောင်းများဖြင့် အရေးပေါ် သွေးလိုအပ်နေသူများ အတွက် သွေးလှူဒါန်းခြင်းကို ပုံမှန်ပြုလုပ်ကြပါရန် ယနေ့တွင်ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့တွင် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁)ရေတွန်းစက်ရုံ(မလွန်)သို့ ကွင်းဆင်းကြည့်ရှု



**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၁၂ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့နေလူထုကို ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေများဖြန့်ဝေပေးနေသည့် အမှတ်(၁) ရေတွန်းစက်ရုံ(မလွန်)သို့ရောက်ရှိပြီး ရေအရည်အသွေးဓာတ်ခွဲစမ်းသပ်ခန်းနှင့်ရေဖြန့်ဝေပေးနေမှုတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁)ရေတွန်းစက်ရုံ(မလွန်)ရှိ ရေအရည်အသွေး ဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး မြို့နေလူထုအတွက် မြေအောက်ရေနမူနာရယူ၍ ရေအရည်အသွေးစမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု၊ ဘော်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဧက ၂၀၀ အနီး မြေအောက်ရေနမူနာကို ရေအရည်အသွေးရေဓာတ်ခွဲစမ်းသပ်နေမှု၊ ရေတွန်းစက်ရုံတွင် မြေအောက်ရေအရင်းအမြစ်မှ ရေကိုရယူ၍ သိုလှောင်နိုင်မှု၊ ရေအရည်အသွေး ဓာတ်ခွဲစမ်းသပ်မှု၊ ကလိုရင်းဆေးခတ်၍ မြို့နေလူထုကို ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေ တစ်နေ့လျှင် ရေဂါလန် ၁၁ သန်းမှ ၁၃ သန်းထိ ဖြန့်ဝေပေးနေမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇွန် ၁၃**

မန္တလေး ကားဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ်သာဖြစ်နေပြီး လျှပ်စစ်သုံးကားများ စိတ်ဝင်စားမှုမြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများနှင့် ပို့ကုန်သရီးကားလေးများ၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြားဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ငွေကျပ် သိန်း ၁၀၀၀ အထက် အမြင့်ကားများနှင့် ငွေကျပ် သိန်း ၅၀၀ အောက်ကားများ ဈေးနှုန်းအနည်းငယ် မြင့်တက်လာသော်လည်း ဘယ်မောင်းကားများပို၍အရောင်းအဝယ်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ ရောင်းချင်သူများပြီး ဝယ်ယူသူနည်းနေကာ အလဲအထပ်လုပ်သူများလည်းရှိလာကြောင်း သိရသည်။

ထို့ပြင် ဈေးကွက်အတွင်းသို့ ဝင်ရောက် နေရာယူလာသော လျှပ်စစ်သုံးကားများမှာ ယခင် ငွေကျပ် သိန်း ၁၇၅၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ငွေကျပ် သိန်း ၁၅၀၀ ခန့်သို့ ရောက်ရှိနေကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ် သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ငွေကျပ် သိန်း ၈၀၀ သို့ ရောက်ရှိနေကြောင်း သိရသည်။

ကားဟောင်းများမှ ငွေကျပ် သိန်း ၄၀၀ ခန့်ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိနေကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်းခန့် ဈေးပေါက်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများအရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ခန့်ထိရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း)ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၁၃**

မန္တလေးဈေးကွက်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

နယ်စုံမှရေသွင်းစိုက်ပျိုးသည့် မတ်ပဲများသည် မန္တလေးဈေးကွက်အတွင်း ဇွန်လမှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အရည်အသွေးလည်း ကောင်းမွန်လျက်ရှိကြောင်း၊ မတ်ပဲဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ ဈေးရရှိကြောင်း သိရသည်။

"တပေါင်းလပြည့်ကျော်က ရေသွင်းစိုက်ခဲ့တဲ့မတ်ပဲတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပါတယ်။ တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့နှစ်လဲဖြစ်တယ်။ အိန္ဒိယနိုင်ငံနဲ့ ဥရောပနိုင်ငံတွေက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ အဲဒါကြောင့် မတ်ပဲဟာ အရင်နှစ်ထက် ဝယ်လိုအားများပြားနေတာဖြစ်ပါတယ်။ သီးထပ်အနေနဲ့ စိုက်ပျိုးတာအောင်မြင်ဖြစ်ထွန်းတာကြောင့် တောင်သူတွေအကျိုးအမြတ်ရရှိတဲ့နှစ်လို့လဲ ပြောလို့ရပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ ဝင်ရောက်လာသည့်ဒေသများမှာ ပခုက္ကူ၊ ရေစကြို၊ မြောင်၊ မတ္တရာ၊ စဉ့်ကူးမြို့နယ်တို့မှဖြစ်ကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင်သာမက မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆင်ပေါင်ဝဲမြို့နယ် ရွှေမောင်းစွန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရွှေမောင်းစွန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများ ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၈၀၊ ၃၉ လမ်း ပန်းထိမ်ဝင်းနေ ဦးခင်မောင်လတ်မိသားစုက ဒေါ်ခင်မေအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ပိုက်ဆန်လျှော် တစ်ဧကလျှင် ၆ ဒသမ ၉၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ ပိုက်ဆန်လျှော်ဧက ၂၅၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပါပြီ။ အခုရိတ်သိမ်းပြီးစီးတဲ့ ပိုက်ဆန်လျှော်တွေက အခု မိုးသီးနှံစိုက်ပျိုးတဲ့အခါမှာ မြေဩဇာအဖြစ် အသုံးပြုဖို့အတွက်ဖြစ်ပါတယ်။ စပါးစိုက်တဲ့အခါ ပိုက်ဆန်လျှော်ကို မြေဩဇာအဖြစ် ထည့်သွင်းစိုက်ပျိုးတာက အကျိုးကျေးဇူး အများကြီးရရှိပါတယ်။ ဓာတ်မြေဩဇာတွေသုံးစွဲမှု လျော့နည်းသွားမယ်။ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးတာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပိုက်ဆန်လျှော်ထည့်သွင်း စိုက်ပျိုးတဲ့အတွက် ထွက်လာတဲ့ သီးနှံတွေမှာလဲ ဓာတုဓာတ်ကြွင်းတွေ ပါရှိမှုလျော့ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပိုက်ဆံလျှော်စိုက်ပြီး သဘာဝမြေဩဇာအဖြစ် အသုံးပြုတာက ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေ ရရှိပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ပျိုးပြီး မြေဩဇာအဖြစ် အသုံးပြုသည့်အတွက်မြေဆီလွှာစွမ်းရည်နှင့် ဂုဏ်သတ္တိမြင့်မားစေခြင်း၊ မြေဆီလွှာပိုးကျမှုလျော့နည်းခြင်း၊ ဓာတ်မြေဩဇာများအသုံးပြုမှုကိုလျော့နည်းစေခြင်း၊ ဓာတ်မြေဩဇာကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေခြင်း၊ တောင်သူများ ဝယ်ယူအသုံးပြုနေသည့် ပုလဲဓာတ်မြေဩဇာသုံးအိတ်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်ကိုရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ဂဝံမြောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက လမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထန်းပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထန်းပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးပါက ထန်းပင်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ကျေးရွာ ၄၀ ၌ ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၃**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village Project)ကို ကျေးရွာ ၄၀ ၌ ထပ်မံ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်၊ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မား၍ စီးပွားရေးခိုင်မာအားကောင်းစေရန် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုများအရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘက်စုံဖွံ့ဖြိုးသည့်ကျေးရွာများဖြစ်ပေါ်စေရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village Project)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း စတင်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၄၃ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၄၅ ရွာ၌ ထပ်မံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village Project)ကို ကျေးရွာ ၄၀ ၌ ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အဆိုပါ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဝင်ကျေးရွာ ရွေးချယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**SKL**



# အသံတိတ်လူသတ်သမားများရဲ့အန္တရာယ်

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

သွေးတိုးရောဂါကို အသံတိတ်လူသတ်သမားဟု လူအများက နားလည်လက်ခံထားကြသည်။ မှုခင်းရှုထောင့်အမြင်အရ **"အသံတိတ်လူသတ်သမားများဟူသည်မှာ အန္တရာယ်အလွန်များပြားလှပြီး ကျန်းမာရေးကိုထိခိုက်စေသော စားသောက်ဖွယ်ရာများ၊ မုန့်ပဲသရေစာများ၊ တရားမဝင်စံမညီဆေးဝါးများနှင့် ဆေးဝါးအတုများကို ရောင်းချနေကြသူများအား နာကြည်းရှုံ့မုန်း၊ အော့နှလုံးနာစွာ ရွတ်ရချေါ်ဆိုနေကြခြင်း"** ဖြစ်ပါသည်။

အသံတိတ်လူသတ်သမားများသည် လူအများ၏ အသက်ကိုမသိမသာနှင့် တမြည့်မြည့်ဖွဲ့ခြွေနေကြသူများ၊ အတ္တဖိစီးလောဘမီးနှင့် ကိုယ်ကျိုးစီးပွားအတွက် သူတစ်ပါးအသက်ကို အမှည့်ခြွေခြွေနေကြသူများ၊ ဥပဒေကိုလှည့်စားပြီး လက်တစ်လုံးခြားဖြင့်လူသတ်မှုများကို လူမသိသူမသိကျူးလွန်နေသူများဖြစ်ကြသည်။

အထူးသဖြင့် ယခုလို အခြေခံစာသင်ကျောင်းများ ဖွင့်လှစ်ခါစမှာရော ကျောင်းဖွင့်ရက်များမှာပါ အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်း၊ အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူများ၏ မုန့်ဖိုးလေးများကို ဈေးပေါသောယိုစုံအသုပ်စုံများ၊ အသီးစိမ်းများ၊ အသီးမှည့်များနှင့် မုန့်ပဲသရေစာများကို ရောင်းချကြကာ အပိုင်ယူနေကြသူများမှာ အချို့ကျောင်းဈေးသည်များဖြစ်ကြသည်။

ကျောင်းဈေးသည်များဟူရာတွင် စာနာစိတ်ထားကြပြီး ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချနေကြသူများနှင့် စာနာစိတ်ကင်းမဲ့ပြီး ကျန်းမာရေးနှင့်လုံးဝမညီညွတ်သောအစားအစာများကို ရောင်းချနေကြသူများဟူ၍ နှစ်မျိုးနှစ်စားရှိကြသည်။

စည်းကမ်းရှိကြပြီး ကျောင်းကျန်းမာရေးကို အလေးထားကြသော ကျောင်းများမှ ကျောင်းဈေးသည်များက အစားအစာများကို ယင်မနားစေဘဲ၊ ဖုန်မဝင်စေဘဲ လုံခြုံစွာထားရှိပြီးမှ ကလေးများကို သန့်ရှင်းလတ်ဆတ်သော အသုပ်စုံများနှင့် မုန့်ပဲသရေစာများကိုသာ သင့်တင့်မျှတသော ဈေးနှုန်းများနှင့် ရောင်းချနေကြသဖြင့် ကလေးများ၏ကျန်းမာရေးအတွက် စိတ်အေးကြရသည်။

အသုပ်စုံများကို ယခင်က တစ်ရာကျပ်ဖိုး၊ နှစ်ရာကျပ်ဖိုး ဝယ်စား၍ရကြသည်။ မုန့်ဟင်းခါးဖတ်သုပ်နှင့် ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်များရောင်းချကြရာ၌ ဆီချက်၊ အချိုမှုန့်၊ ကြက်သွန်နီနှင့် ငံပြာရည်အနည်းငယ်စီသာပါသည်။ သူ့ဈေးနှင့်သူ၊ အိုးနှင့်ဆန်တန်ရုံပဲ ရကြမည်မှန်သော်လည်း အကြိမ်ကြိမ်အဖန်ဖန်ဆေးကြောနေကြသော ရေဇလုံ၊ ရေပုံးများထဲတွင် စားပြီးသော ပန်းကန်များနှင့်ဇွန်းများကို ဝတ်ကျေတမ်းကျေသာနှစ်ချလိုက်ပြီး နောက်စားမည့်ကလေးကို လက်အိတ်မပါသော ရေစိုလက်ဖြင့် ယင်များနားခိုနေကြသော ခေါက်ဆွဲဖတ်များကို ပယ်ပယ်နယ်နယ်ဆုပ်နယ်ပြီးသုပ်ပေးနေသည်။ ကလေးများကလည်း မုန့်စားကျောင်းဆင်းချိန်ဖြစ်၍ တန်းစီပြီးစောင့်နေကြလေရာ လက်မလည်အောင် ရောင်းနေကြရသည်။ ကလေးများ၏ကျန်းမာရေးအတွက် ရတက်မအေးစရာကောင်းလွန်းလှပါဘိ။

ထိုနည်းတူ ပိန်နဲ့သီး၊ နာနတ်သီး၊ သရက်သီး အမှည့်မျိုးစုံနှင့် ဆီးယိုအပါအဝင် ယိုမျိုးစုံများပေါ်တွင်လည်း အဖုံးအအုပ်များ လုံးဝမရှိကြသောကြောင့် မေလမှာ ယင်တစ်ကောင်၊ ဇွန်လမှာ ယင်ထောင်သောင်းသိန်းသန်းချီရှိနေကြသည်ဟူသောစကားနှင့်အညီ ယင်များက ပျားအုံစွဲနေကြသကဲ့သို့ အုံခဲနေကြလေရာ အသည်းယားစရာကောင်းလှသည်။ ကလေးများကလည်း သူတို့တတ်နိုင်သမျှသော မုန့်ဖိုးလေးများဖြင့် ဝယ်စားနေကြရသည်။ ချိုင်နှ်ဖန်ခါးအပုပ်အစပ်မှုန်သမျှအပေါ်တွင် နားခိုစားသောက်နေကြလေ့ရှိသည့် ယင်ကောင်များမှာ ရောဂါပိုးမွှားများကပ်၍ပါလာကြသည်ကိုမသိကြဘဲ စားသောက်နေကြလေရာ ရင်နှင့်စရာမြင်ကွင်းများပင်ဖြစ်ကြသည်။

မသန့်ရှင်းသောရေ၊ မသန့်ရှင်းသောလက်များဖြင့် သုပ်ထားကြသောအသုပ်မျိုးစုံနှင့် ယင်နားစာများကို ဈေးပေါပေါဖြင့် ဝယ်စားနေကြရရှာသော ကလေးတချို့မှာ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းရောင်၊ အူရောင်ငန်းဖျားရောဂါများဖြစ်ပွားကြကာ လုံးပါးပါးသေဆုံးခဲ့ကြရသည်။

ထို့ပြင် ကလေးများ၏ မသိနားမလည်မှုကိုအခွင့်ကောင်းယူကာ အန္တရာယ်ဖြစ်သောရက်လွန်(Expire Date Out) မုန့်ပဲသရေစာများ၊ ဓာတုဆေးများဖြင့် ဖန်တီးထားသော ပြည်တွင်း၊ ပြည်ပမုန့်မျိုးစုံနှင့်ယိုစုံများကို ကျောင်းဈေးများတွင်ရော၊ ပြင်ပဈေးဆိုင်များတွင်ပါ ရောင်းချနေကြရာ တားမြစ်ချက်ဥပဒေကို မျက်ကွယ်ပြုကျူးလွန်နေကြခြင်းဖြစ်သည်။

**"စားသောက်ဖွယ်ရာများတွင် ဆိုးဆေးများနှင့် ဓာတုဆေးဝါးများထည့်သွင်းအသုံးမပြုရန်နှင့် အသုံးပြုထားသည်ကို စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ငွေဒဏ် ကျပ် ၃၀၀၀၀ အပြင် ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံစေရမည်"**ဟု အမျိုးသားအစားအသောက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့သော် ထိုဥပဒေပြဋ္ဌာန်းချက်ကိုအရေးမထားကြဘဲ အတ္တအကျိုးစီးပွားကိုသာ ဦးစားပေးအလေးထားကာ ထုတ်လုပ်ဖြန့်ဖြူးနေကြရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းရှိ ဆရာ၊ ဆရာမအားလုံးက ကျောင်းဈေးများကို ကျောင်းကျန်းမာရေးစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရန် အနီးကပ်ကြီးကြပ်သင့်ပါသည်။

ကျောင်းဈေးများမှ အသုပ်ဆိုင်တချို့ထက် ညစ်ပတ်သော အသုပ်ဆိုင်တချို့ကို လမ်းဘေးများနှင့် ရပ်ကွက်ဈေးများတွင် တွေ့မြင်နေရသည်။ သာဓကတစ်ရပ်ကို အသိပေးလိုသည်။ အသက် ၄၀ ကျော်အသုပ်သည် အမျိုးသမီးတစ်ဦးသည် လက်အိတ် (ပလတ်စတစ်လက်အိတ်)မပါဘဲ အသုပ်ပွဲပြင်ဆင်နေစဉ် ရုတ်တရက် နှာချေချောင်းဆိုးခဲ့ရာ အသုပ်သုပ်နေသောပန်းကန်ကို တစ်ဖက်လွတ်ကင်းရာသို့ နေရာလွှဲဖယ်ခြင်းမပြုဘဲ သို့မဟုတ် မျက်နှာကို အသုပ်ပန်းကန်နှင့် လွှဲဖယ်ခြင်းမပြုဘဲ သာမန်ကာလျှံကာ သဘောထားကာ နှာချေချောင်းဆိုးမှုကိုပြုသည်။ ထို့နောက် နှပ်ညှစ်ပြီး သူ့ခါးဝတ်ထဘီနောက်ပိုင်းကို ကပျာကသီသုတ်လိုက်ကာ ဆီများဝေ့ညစ်ပတ်နေသော ပန်းကန်ဆေးရေထဲသို့နှပ်ညှစ်လက်ကိုဖျတ်ခနဲ့ ထိုးနှစ်လိုက်ပြီး ချက်ချင်းပင် ထိုလက်ကို ပြန်ရုပ်ကာ အသုပ်ကို ဆက်သုပ်နေရာ အော်ဂလီဆန်ပြီး ပျို့အန်လာသောကြောင့် အသုပ်ကိုမစားတော့ဘဲ အသုပ်ဖိုးပေးကာ ဆိုင်ထဲမှပြန်ထွက်ခဲ့ရသည်။

လမ်းဘေးဝက်သားတုတ်ထိုးများနှင့် ဆေးဆိုးအချဉ်ရည်များ၊ စားသောက်ဆိုင်များမှ အချဉ်ရည်များ၊ ငရုတ်ဆီများ၊ လက်လုပ်ချဉ်များကလည်း အန္တရာယ်မျိုးစုံကိုဖြစ်ပွားစေသည်။ ထိုစားသောက်ဖွယ်ရာများက ဝမ်းကိုက်ပိုးများအသည်းထဲဝင်ပြီး သွေးပြည်တည်ကြသောကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ကြရာ တချို့မှာ သေဆုံးသွားခဲ့ကြသည်။

ထမင်းဆိုင်တချို့နှင့် စားသောက်ဆိုင်တချို့သည် တစ်နေ့တာ ရောင်းမကုန်သော အသားဟင်းများ၊ နောက်တစ်နေ့တွင် ပုပ်သိုးနေသောကြောင့် အမွှေးအကြိုင် မဆလာမျိုးစုံဖုံးအုပ်ကာ စားသုံးသူများကို လိမ်ညာရောင်းချကြလေ့ရှိသည်။ ကျွဲနွားသားကို ဆိတ်သားဟုလည်း လိမ်ညာရောင်းချခဲ့ရာ ကျွဲသားနှင့်မတည့်သောအရာနှင့် ရောနှောစားသောက်မိကြသဖြင့် အစာအဆိပ်သင့်ကာ ဆေးရုံသို့တက်ရောက်ကုသခဲ့ကြရသည်။

လက်ဖက်ရည်ဆိုင်များတွင် ဆင်းဒဝစ်မုန့်၊ ပေါင်မုန့်၊ ရွှေကြည်ဆနွင်းမကင်းမုန့်၊ ဘဲသားမုန့်၊ ဆိတ်သားမုန့်နှင့် ပဲမုန့်များကို ကုန်ဆုံးမည့်ရက်သတ်မှတ်ကာ ရောင်းချစေခဲ့ကြသော်လည်း ကုန်ဆုံးသည့်နေ့ထိ ရောင်းမကုန်ကြသော မုန့်များများစွာကျန်ရှိနေကြလေ့ရှိသည်။ လက်ဖက်ရည်ဆိုင်ရှင်တချို့က အရှုံးမပေါ်စေရေးအတွက် မူလရက်သတ်မှတ်ရက်ကို ပြန်ပြင်ပြီး လိမ်ညာရောင်းချနေကြရာ ထိုမုန့်များက မှိုတက်လာကြသောအခါ စားသောက်ကြသူများက ရိပ်စားမိကုန်ကြပြီး စားသောက်ဖွယ်ရာထုတ်လုပ်ကြသူများကို သတင်းနှင့်သတိပေးမှုများကြောင့် ပြဿနာမျိုးစုံဖြစ်ပွားခဲ့ကြရသည်။ ပုပ်သိုးမှိုတက်နေကြသော စားသောက်ဖွယ်ရာများကို စားသောက်မိကြပါက ကင်ဆာရောဂါနှင့် အခြားရောဂါများဖြစ်ပွားလေ့ရှိကြသည်။

ကုန်တိုက်တချို့နှင့် စတိုးဆိုင်တချို့တွင် စားသောက်ဖွယ်ရာမျိုးစုံ၊ ဆေးဝါးမျိုးစုံနှင့် အရက်မျိုးစုံကို လက်ဆွဲခြင်း လှလှကလေးများဖြင့် ထည့်ထားကြပြီး အရောင်းကောင်တာများမှာ အစီအရီချပြထားလေ့ရှိကြသည်။ လက်ဆောင်နှင့်ကန်တော့ကြရန် လှပစွာထုပ်ပိုးထားသော လက်ဆွဲခြင်းဝယ်ယူလိုကြသူတိုင်း ဒိတ်အောက်များ ပါ၊ မပါ စိစစ်ရွေးချယ်ဝယ်ယူသင့်သည်။

ပစ္စည်းတန်ဖိုး သုံးပုံတစ်ပုံကို ခြင်းအလှအတွက် ပို၍ယူထားကြပြီး ကျန်းမာရေးကိုထိခိုက်စေသော စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကိုလိမ်ညာရောင်းချနေကြသူများအပါအဝင် မသန့်ရှင်းသောအသုပ်စုံရောင်းချကြသူများ၊ မလတ်ဆတ်သော စားသောက်ဖွယ်ရာများကို ရောင်းချကြသူများနှင့် ယင်နားစာများကို ရောင်းချကြသူများသည် စာနာစိတ်ကင်းမဲ့စွာ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားနေကြကာ တစ်နပ်စားညဏ်နှင့် ရိုက်စားခွင်ဖန်နေကြသူများ (မင်းသားခေါင်းစွပ် ဘီလူးယုတ်များ) တစ်နည်းအားဖြင့် **"အသံတိတ်လူသတ်သမားများ"** ဖြစ်ကြသည်။

> ❖ ပစ္စည်းတန်ဖိုး သုံးပုံတစ်ပုံကို ခြင်းအလှအတွက် ပို၍ယူထားကြပြီး ကျန်းမာရေးကိုထိခိုက်စေသော စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများကို လိမ်ညာရောင်းချနေကြသူများအပါအဝင် မသန့်ရှင်းသောအသုပ်စုံ ရောင်းချကြသူများ၊ မလတ်ဆတ်သော စားသောက်ဖွယ်ရာများကိုရောင်းချကြသူများနှင့် ယင်နားစာများကို ရောင်းချကြသူများသည် စာနာစိတ်ကင်းမဲ့စွာ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားနေကြကာ တစ်နပ်စားညဏ်နှင့် ရိုက်စားခွင်ဖန်နေကြသူများ(မင်းသားခေါင်းစွပ် ဘီလူးယုတ်များ) တစ်နည်းအားဖြင့် "အသံတိတ်လူသတ်သမားများ" ဖြစ်ကြသည်။ ❖

ထို့ပြင် ပေါက်စီများထဲတွင် ကြက်သား၊ ဝက်သားများအစား အခြားအသားများကို ထည့်ထားကြခြင်း၊ ကြက်နာ၊ ဝက်နာ၊ နွားနာ၊ ကျွဲနာများ၏ အသားများကို သွေးများပက်ဖျန်းလိမ်းကျံကာ လိမ်ညာရောင်းချကြခြင်း၊ မလတ်ဆတ်သောပုစွန်များကို မဲနယ်ရေများစိမ်ပြီး ရောင်းချကြခြင်း၊ ငရုတ်သီးမှုန့်များထဲတွင် အုန်းဆံဖတ်အမှုန့်များ ရောနှောရောင်းချကြခြင်း၊ လက်ဖက်၊ မျှင်ငါးပိများနှင့် ကလေးသရေစာများတွင် ဓာတုဆိုးဆေးများ၊ ဆေးသကြားများထည့်ပြီး ရောင်းချကြခြင်း၊ ရက်လွန်ငါးချဉ်၊ ပုစွန်ချဉ်များကို လိမ်ညာရောင်းချကြခြင်း၊ အသက်ဘေးကို အန္တရာယ်ပေးသော တရားမဝင် စံမညီဆေးဝါးများနှင့် မှတ်ပုံတင်မထားသော ဆေးဝါးများကို ဖြန့်ချိရောင်းချကြခြင်းများကြောင့် ရောဂါမျိုးစုံရကြ၊ ကူးစက်ခံကြရသဖြင့် သေကျေဒုက္ခိတဖြစ်ကြရသူများ ဒုနဲ့ဒေးရှိနေကြသည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကရော မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန အဆက်ဆက်ကပါ ဝိသမလောဘသားကောင်၊ မသမာသူအရောင်းအဝယ်သမားများကို ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးလှုံ့ဆော်ထားကြသည်။

အသံတိတ်လူသတ်သမားများအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများ ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၇၂ တွင် **"စားသောက်ဖွယ်ရာတစ်ခုခုကို စားသောက်ဖွယ်ရာအနေဖြင့် ရောင်းရန်ကြံရွယ်လျက် သို့တည်းမဟုတ် ထိုသို့ရောင်းတန်ရာကို သိလျက်နှင့် မည်သူမဆို ထိုစားသောက်ဖွယ်ရာကို အန္တရာယ်ဖြစ်စေအောင် ယုတ်ညံ့သောအရာနှင့်ရောလျှင် ထိုသူကို ခြောက်လအထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ် တစ်ထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"**ဟု ပြဋ္ဌာန်းထားသည်။(မူလပြဋ္ဌာန်းချက်)

စားသောက်ဖွယ်ရာများဆိုရာတွင် လူများစားသောက်နေကြသော စားသောက်ဖွယ်ရာများသာမက တိရစ္ဆာန်များစားသောက်နေကြသော စားသောက်ဖွယ်ရာများလည်းပါဝင်ကြသည်။ လူအများစားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ ပြစ်မှုပုဒ်မ-၂၇၂ သာမက မြူနီစီပယ်အက်ဥပဒေအရလည်း ထုတ်ပြန်ထားသော ဘိုင်လောများမှာ **"အန္တရာယ်ဖြစ်စေသော စားသောက်ဖွယ်ရာများကို စစ်ဆေးသိမ်းဆည်းနိုင်သည်"**ဟု ထုတ်ပြန်ထားရာ စည်ပင်မှ တာဝန်ရှိသူများကို တိုင်ကြားဖော်ထုတ်ကြကာ တိတိကျကျထိထိရောက်ရောက် အပြစ်ပေးအရေးယူသင့်ကြသည်။

ထို့ပြင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၂၇၃ တွင် **"အန္တရာယ်ဖြစ်အောင်လုပ်ထားသော စားသောက်ဖွယ်ရာကိုဖြစ်စေ၊ အန္တရာယ်ဖြစ်လာသော စားသောက်ဖွယ်ရာကိုဖြစ်စေ၊ စားသောက်ရန်မသင့်လျော်သော အဖြစ်သို့ရောက်ရှိနေသည့် စားသောက်ဖွယ်ရာကိုဖြစ်စေ၊ မည်သူမဆို စားသောက်ဖွယ်ရာအနေဖြင့် အန္တရာယ်ကိုသိလျက် သို့တည်းမဟုတ် ထိုသို့ဖြစ်သည်ကိုယုံကြည်ရန် အကြောင်းရှိလျက်၊ စားသောက်ဖွယ်ရာအဖြစ်ဖြင့်ရောင်းလျှင် သို့တည်းမဟုတ် ရောင်းရန်ကမ်းလှမ်းလျှင် ထိုသူကိုခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"** ဟု ပြဋ္ဌာန်းထားသည်။(မူလပြဋ္ဌာန်းချက်)

အကြောင်းအမျိုးမျိုးကြောင့် ဖြောင်ကျကျသတ်နေကြသူများက တစ်ဦးစ၊ နှစ်ဦးစခန့်ကိုသာသတ်နေကြသော်လည်း လောဘ၊ မောဟ၊ တဏှာကြောင့် သတ်နေကြသော အသံတိတ်လူသတ်သမားများကမူ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဉတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှ ဘူတာရုံ နှစ်ရုံကို အသစ်ပြန်လည်တည်ဆောက်မည်



**နေပြည်တော် ဇွန် ၁၃**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှ ရထားဘူတာရုံ နှစ်ရုံကို အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်မှု လုပ်ငန်းများတွင် ပါဝင်သည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှ မြို့ပတ်ရထားဘူတာရုံ နှစ်ရုံကို အသစ်ပြန်လည်တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ပေးမည့် ရန်ကုန်မြို့ပတ်ရထားဘူတာရုံများမှာ ဟံသာဝတီဘူတာ၊ တံတားကလေးဘူတာတို့ဖြစ်ကြောင်း သိရသည်။

ဟံသာဝတီဘူတာသည် ကြည့်မြင်တိုင်ဘူတာနှင့် လှည်းတန်းဘူတာကြားတွင်ရှိပြီး တံတားကလေးဘူတာမှာ ကျောက်ရေတွင်းဘူတာနှင့် ရေကူးဘူတာကြားတွင် ရှိကြောင်း၊ အဆိုပါဘူတာနှစ်ခုကို ယခုဘဏ္ဍာနှစ်အတွင်း အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဇွန်လအတွင်း တင်ဒါခေါ်ယူနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြို့ပတ်ရထားဘူတာရုံနှစ်ရုံ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းရှိ ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများတွင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုလုပ်ငန်းများလည်းပါဝင်ပြီး အဆိုပါလုပ်ငန်းများတွင် ရထားလမ်းတာပေါင်နှင့် ရထားလမ်းများ အဆင့်မြှင့်တင်မှု၊ ရထားလမ်းတံတားများပြုပြင်တည်ဆောက်မှု၊ ရထားလမ်း၊ ဘူတာရုံများ အသစ်ပြန်လည်တည်ဆောက်မှု၊ ကွန်ပျူတာဖြင့်ရထားထိန်းစနစ်တပ်ဆင်မှုလုပ်ငန်းများအပြင် လူကူးခုံးကျော်တံတားတည်ဆောက်မှု၊ ရထားလမ်းခြံစည်းရိုးကာရံမှုလုပ်ငန်းများပါဝင်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

## လူငယ်စွမ်းအား ပြည်ထွန်းကား

\- လူငယ်တွေ အနာဂတ်
သတိကပ် အမှန်ကွယ်၊
ပေါ့ပေါ့နေ ပေါ့ပေါ့စားတော့
မိုက်မှားရန်လွယ်၊
ဒုစရိုက် အကျင့်ဆိုးဖယ်
လောကအလယ် အစဉ်တွေး၊
သင်ကိုယ်တိုင် လမ်းမှန်ရောက်ဖို့
လျှောက်ကြမနှေး။

\- လောကဓံ ကြုံလာဘေးတို့
ရင်ဆိုင်ရေး ဉာဏ်နှင့်ယှဉ်၊
အမှားမှန် အကောင်းဆိုးတို့
ကျိုးကြောင်းသိမြင်၊
ဘဝလက်တွေ့ ကိုယ့်ဝန်းကျင်
ပြင်ဆင်ဖို့ အားအင်သုံး၊
ထက်မြက်အောင် ရင်ပေါင်တန်းလို့
ကြိုးပမ်းအားလုံး။

\- အချိန်ကို ဘယ်မဖြုန်းနဲ့
စည်းလုံးပြီး ညီညွတ်စေ၊
နိုင်ငံတော် ဖွံ့ဖြိုးအတွက်ပေါ့
ထမ်းရွက်ပါလေ၊
နိုင်ငံသားကောင်း ပီသပေ
တာဝန်ကျေ ကိုယ့်အစွမ်း၊
ဗလငါးတန် အားခွန်ပြည့်နဲ့
ရှေ့ဆက်လျှောက်လှမ်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

➤ စာမျက်နှာ ၄ မှ အဆက်

လူပေါင်းရာထောင်ချီပြီး အဆိပ်မျိုးစုံကိုတိတ်တဆိတ် မသိမသာကျွေးနေကြကာ မျှဉ်းသတ်နေကြသောကြောင့် သာမန်လူသတ်မှုပုဒ်မ-၃၀၂ ထက်ကျယ်ပြန့်ပြီး ပြစ်ဒဏ်ပိုများသောပုဒ်မ-၃၀၇ ဖြင့် ပြစ်ဒဏ်ပေးသင့်သည်။ သို့မှသာလျှင် အတ္တဖိစီးလောဘမီးတောက်လောင်နေကြသော အသံတိတ်လူသတ်သမားများ ကြောက်ရွံ့နောက်တွန့် နောင်ကြဉ်သွားကြပေလိမ့်မည်။

စာနာစိတ်ကင်းမဲ့စွာ လူအများ၏အသက်ကို အမှည့်ခြွေခြွေနေကြသော အသံတိတ်လူသတ်သမားများ၏ ယုတ်မာရက်စက်မှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက်-

(၁) မိဘအုပ်ထိန်းသူတိုင်းနှင့် အိမ်ထောင်ရှင်မတိုင်း ကျန်းမာရေးဗဟုသုတပြည့်စုံနိုင်သမျှပြည့်စုံအောင် လေ့လာဆည်းပူးကြပါ။

(၂) မိမိတို့၏ ရင်သွေးကျောင်းသား၊ ကျောင်းသူလေးများ ကျောင်းဈေးများတွင် ဝယ်ယူပြီးမစားသောက်သင့်သော စားသောက်ဖွယ်ရာများနှင့် သရေစာများ၏ဆိုးကျိုးများကို သူတို့နားလည်အောင်ရှင်းပြကြပါ။ ဆောင်ဖွယ်ရှောင်ဖွယ်များကို သတိပေးမှာကြားထားကြပါ။

(၃) ကျောင်းဈေးများကို သြဇာရှိစွာချုပ်ကိုင်နိုင်ကြပြီး လုပ်ပိုင်ခွင့်ရှိကြသော ကျောင်းအုပ်ကြီးများအနေဖြင့် ကျောင်းဈေးများကို ကျန်းမာရေးအင်္ဂါရပ်များနှင့်အညီ ရောင်းချကြစေရေးအတွက် တာဝန်ကျေပွန်စွာ အနီးကပ်ကြီးကြပ်နေကြပါ။

(၄) စားသုံးသူများအနေဖြင့် ကျန်းမာရေးနှင့်မညီညွတ်ကြသော စားသောက်ဆိုင်မှန်သမျှကို ရှောင်ရှားကြပါ။

(၅) ရက်လွန်မုန့်များကို နေ့ရက်အသစ်ပြန်ပြင်ထားကြသော လက်ဖက်ရည်ဆိုင်တချို့နှင့် ဓာတုဆေးဝါးအပါအဝင် ဆေးသကြားအသုံးများကြသော အအေးဆိုင်တချို့ကိုလည်း အားမပေးကြပါနှင့်။

(၆) ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော အရောင်လှအောင် ဓာတုဆေးအသုံးပြုထားသည့် စားသောက်ဖွယ်ရာများ၊ မိမိနားမလည်၊ ဖတ်ရှု၍မရသောစာသားများနှင့် ရေးသားထုပ်ပိုးထားသည့် စားသောက်ကုန်များ၊ ကြာရှည်ခံအောင် စီမံပြုလုပ်ထားသော အသားငါးများနှင့် ဟင်းသီးဟင်းရွက်များကို လုံးဝမစားကြပါနှင့်။

(၇) စားသောက်ကုန်ပစ္စည်းများတွင် FDA ထောက်ခံချက်ပါသည့် စားသောက်ဖွယ်ရာများကိုသာ ရွေးချယ်စားသုံးကြပါ။

(၈) မှုမမှန်သည့် စားသုံးဆီများကို မသုံးစွဲကြဘဲ သေသေချာချာ ရွေးချယ်ပြီးမှ သုံးစွဲကြပါ။

(၉) ကြော်ငြာအရောင်းမြှင့်တင်ရေးတွင်ပါဝင်သော ပြောဆိုဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သေချာစွာစိစစ်လေ့လာပြီး စိတ်ချရမှသာ ဝယ်ယူသုံးစွဲကြပါ။

(၁၀) ရောဂါတစ်မျိုးမျိုးကြောင့် သေဆုံးသွားကြသော ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွားနာများ၏ အသားများကို စားမိကြပါက တိရစ္ဆာန်များတွင်ဖြစ်ပွားကြသော ရောဂါပိုးများကြောင့် ကူးစက်ရောဂါများဖြစ်ပွားသေဆုံးနိုင်ကြသဖြင့် လုံးဝမစားကြပါနှင့်။

(၁၁) တရားဝင်မှတ်ပုံတင်နံပါတ်မပါသော စံမညီဆေးဝါးများနှင့် ဆေးဝါးအတုများကို မသုံးစွဲကြပါနှင့်။

(၁၂) အသံတိတ်လူသတ်သမားများနှင့် ၎င်းတို့၏လုပ်ရပ်များကို ဖော်ထုတ်ရယူပြီး တာဝန်ရှိသူအဆင့်ဆင့်ကို သတင်းပေးတိုင်ကြားကြပါဟုသာ တိုက်တွန်းလှုံ့ဆော်လိုက်ရပါသည်။

# ပွင့်ဖြူမြို့နယ် ကျွန်းပင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းပင်စင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျွန်းပင်စင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၈ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို ငွေကျပ် ၃၉ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတကာ သတင်းများ

## ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ ရုရှားရေတပ်စစ်သင်္ဘောများ ရောက်ရှိ

**ဟာဗားနား ဇွန် ၁၃**

ရုရှားရေတပ်မှ အက်မိုင်ရယ် ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောနှင့် နျူကလီးယားစွမ်းအင်သုံး ကာဇန်ရေငုပ် သင်္ဘောတို့သည် ဇွန် ၁၂ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုရှားရေတပ်သင်္ဘောနှစ်စီးကို ကျူးဘားတာဝန်ရှိသူများက ဟာဗားနားဆိပ်ကမ်း၌အမြောက်ဖြင့်ပစ်ဖောက်ကြိုဆိုခဲ့ကြပြီး ရုရှားသံတမန်များနှင့်ကျူးဘားနိုင်ငံသားများကလည်းကြိုဆိုခဲ့ကြသည်။

အက်မိုင်ရယ် ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘော၊ နျူကလီးယားစွမ်းအင်သုံးကာဇန်ရေငုပ်သင်္ဘောတို့နှင့်အတူ ရုရှားရေတပ်မှ တွဲသင်္ဘောတစ်စီးနှင့် လောင်စာဆီတင်ရေယာဉ်တစ်စီးတို့လည်း အတူလိုက်ပါလာကြောင်း သိရသည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်နှင့် ကာဇန် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတို့သည် ဟာဗားနားဆိပ်ကမ်းသို့မဝင်မီ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

ယူကရိန်းစစ်ရေး ပဋိပက္ခကြောင့် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ရုရှားရေတပ်စစ်သင်္ဘောများ ကျူးဘားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဟာဗားနား ဆိပ်ကမ်းသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကီးဝက်စ်မြို့နှင့်မိုင်ပေါင်း ၁၀၀ ခန့်သာ ကွာဝေးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကွန်ဂိုနိုင်ငံ၌ ရေယာဉ်နှစ်စီးဝင်တိုက် အနည်းဆုံး လူပေါင်း ၈၀ ကျော်သေဆုံး

**ကင်ရှာဆာ ဇွန် ၁၃**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ဇွန် ၁၀ ရက် ညပိုင်းအချိန်တွင် ရေယာဉ်နှစ်စီး မြစ်အတွင်း ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၈၀ ကျော်သေဆုံးခဲ့ရကြောင်း ဇွန် ၁၂ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယင်းရေယာဉ်နှစ်စီး ဝင်တိုက်မှုဖြစ်စဉ်သည် မိုင်အင်န်ဒွန်ဘီပြည်နယ် ကွာမြစ်အတွင်း ဇွန် ၁၀ ရက်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ဇွန် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကင်ရှာဆာမြို့သို့ ဦးတည်ခုတ်မောင်းနေသည့်သင်္ဘောအင်ဂျင်စက်ချွတ်ယွင်းခဲ့သော ရေယာဉ်တစ်စီးကို အခြားရေယာဉ်တစ်စီးက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်နှစ်စီး ဝင်တိုက်မှုကြောင့် လူပေါင်း ၈၆ ဦး သေဆုံးခဲ့ရပြီး ၁၈၅ ဦးတို့မှာ အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခရီးသည်နှင့် ကုန်စည်ကို သတ်မှတ်ချက်ထက်ပိုမိုတင်ဆောင်မှုကြောင့် ကွန်ဂိုနိုင်ငံ၌ ရေယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ကွန်ဂိုနိုင်ငံသည်သစ်တောများထူထပ်ပြီး ကတ္တရာလမ်းအနည်းငယ်မျှသာရှိရာ သွားလာရေးအတွက် မြစ်ချောင်းများကို အဓိကထားသုံးစွဲနေရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## နိုင်ငံတော်သီချင်းပြောင်းလဲမှုဥပဒေကြမ်း နိုင်ဂျီးရီးယားသမ္မတလက်မှတ်ရေးထိုး



**အဘူဂျာ ဇွန် ၁၃**

နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် နိုင်ငံတော်သီချင်းပြောင်းလဲမှုဥပဒေကြမ်းကို ဇွန် ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါဥပဒေကြမ်းအရ နိုင်ဂျီးရီးယားနိုင်ငံသည် နိုးထကြလော့အိုရဲဘော်တို့အမည်ရှိ လက်ရှိအသုံးပြုနေသော နိုင်ငံတော်သီချင်းနေရာတွင် အင်္ဂလိပ်လူမျိုးတစ်ဦးရေးသားခဲ့သော ကျွန်ုပ်တို့ သင့်ကိုဂုဏ်ပြုသည်ဟူသောသီချင်းကို အစားထိုးအသုံးပြုမည်ဖြစ်သည်။

ကျွန်ုပ်တို့သင့်ကို ဂုဏ်ပြုသည်(We Hail Thee)နိုင်ငံတော်သီချင်းသည် နိုင်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၀ ပြည့်နှစ်မှစ၍ ၁၉၇၈ခုနှစ်ထိအသုံးပြုခဲ့သည့် နိုင်ငံတော်သီချင်းဖြစ်သည်။

သို့သော် အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသားထားသည့် နိုင်ငံတော်သီချင်းဖြစ်နေမှုကြောင့် နိုင်ဂျီးရီးယားခေါင်းဆောင်များသည်အဆိုပါသီချင်းနေရာတွင် နိုးထကြလော့အိုရဲဘော်တို့ (Arise, O Compatriots)သီချင်းဖြင့် အစားထိုးခဲ့ကြသည်။

နိုင်ငံတော်သီချင်းအဖြစ် မူလနိုင်ငံတော်သီချင်းကို ပြန်သုံးရန် နိုင်ဂျီးရီးယားအစိုးရက ကြိုးပမ်းလာမှုသည် စီးပွားရေးပြဿနာများမှ အများပြည်သူများကို အာရုံလွှဲရန် ကြိုးပမ်းမှုသာဖြစ်ကြောင်း အတိုက်အခံများက ဝေဖန်ထားသည်။

သမ္မတတီနူဘူလက်ထက်တွင် နိုင်ဂျီးရီးယားစီးပွားရေးမှာ အကျဘက်သို့ရောက်လာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ၃၃ ဒသမ ၃၀ ရာခိုင်နှုန်းထိ ရှိလာခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တရုတ်ဝန်ကြီးချုပ် လီချန်း နယူးဇီလန်နိုင်ငံသို့ရောက်ရှိ နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်များလက်မှတ်ရေးထိုး

**ဝယ်လင်တန် ဇွန် ၁၃**



တရုတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် ယနေ့တွင် ကုန်သွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်ဝန်ကြီးချုပ် လီချန်း နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် အဆိုပါသဘောတူညီချက်များကို တရုတ်နှင့်နယူးဇီလန်တို့ကြား ရယူနိုင်ခဲ့သည်။

ဝယ်လင်တန်မြို့သို့ ရောက်ရှိနေသည့် တရုတ်ဝန်ကြီးချုပ်သည် နယူးဇီလန်ဝန်ကြီးချုပ်နှင့် ယနေ့တွင်တွေ့ဆုံခဲ့ပြီး တရုတ်နှင့် နယူးဇီလန်နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရုတ်ဝန်ကြီးချုပ်နှင့် နယူးဇီလန် ဝန်ကြီးချုပ်တို့သည် ယနေ့ဆွေးနွေးပွဲတွင် ပိုင်ဆိုင်ခွင့်အငြင်းပွားတောင်တရုတ်ပင်လယ်ဒေသပြဿနာအပါအဝင် အခြားဒေသတွင်းပြဿနာများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်ဝန်ကြီးချုပ်နှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့သည် ဝယ်လင်တန်မြို့ အစိုးရအိမ်တော်၌ တွေ့ဆုံဆွေးနွေး ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်ဝန်ကြီးချုပ် လီချန်းသည် ခုနစ်နှစ်တာကာလအတွင်း နယူးဇီလန်သို့ ပထမဆုံးအကြိမ်အဖြစ်ရောက်ရှိလာသော တရုတ်ဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ရသည့် မာလာဝီဒုတိယသမ္မတအတွက် နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပမည်

**လီလောင်ဝီ ဇွန် ၁၃**

လေယာဉ် ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ရသည့် ဒုတိယသမ္မတ ချီလီဗာကို နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ဂုဏ်ပြုမည်ဖြစ်ကြောင်း မာလာဝီအစိုးရက ဇွန်၁၂ ရက်တွင် ကြေညာထားသည်။

မာလာဝီဒုတိယသမ္မတ ချီလီဗာသည် ဇွန် ၁၀ ရက်တွင် ဖြစ်ပွားခဲ့သည့် စစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

ရာသီဥတု ဆိုးရွားချိန်အတွင်း သစ်တောနယ်မြေ တစ်ခုပေါ်သို့ ပျက်ကျခဲ့ရသည့် ယင်းလေယာဉ်ပေါ်တွင် ဒုတိယသမ္မတချီလီဗာအပါအဝင် လူပေါင်း ကိုးဦးလိုက်ပါသွားပြီး မည်သူတစ်ဦးတစ်ယောက်မျှ အသက်မရှင်ခဲ့ကြောင်း မာလာဝီအစိုးရက သတင်းထုတ်ပြန်ထားသည်။

လေယာဉ် ပျက်ကျမှုကြောင့် ဒုတိယသမ္မတ ချီလီဗာကွယ်လွန်ခဲ့ရမှုအတွက် ဝမ်းနည်းဖွယ်ကာလ ၂၁ ရက်ကိုမာလာဝီသမ္မတ ချာဝီရာက ကြေညာထားပြီးဖြစ်သည်။

ထို့ပြင် လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့သော အသက် ၅၁ နှစ်အရွယ် ဒုတိယသမ္မတ ချီလီဗာကို နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ဂုဏ်ပြုရန် စီစဉ်ထားခြင်းဖြစ်သည်။

ချီလီဗာသည် တရားရေးဝန်ကြီးဟောင်းတစ်ဦး၏ ဈာပနအခမ်းအနားတက်ရန် မာလာဝီမြောက်ပိုင်းသို့ သွားရောက်စဉ် လေယာဉ်ပျက်ကျမှုကြောင့်ကွယ်လွန်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ချန်အာ-၆ လဆင်းယာဉ်နှင့် လပတ်လမ်းအပြန်ယာဉ်ကို လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်တစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



**ပေကျင်း ဇွန် ၁၃**

လမျက်နှာပြင်အခြားဘက်ခြမ်းတွင်ရောက်ရှိနေသော တရုတ်နိုင်ငံ၏ ချန်အာ-၆ လဆင်းယာဉ်နှင့် လပတ်လမ်းအပြန်ယာဉ်ကို လမျက်နှာပြင် လေ့လာရေးယာဉ်ငယ်တစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

အလေးချိန် ၄.၅ ကီလိုဂရမ်ရှိသည့် အဆိုပါ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်ကို ချန်အာ-၆ လဆင်းယာဉ်ကပင် သယ်ယူလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်သည် ချန်အာ-၆ လဆင်းယာဉ်၏ လကမ္ဘာကျောက်သားနမူနာများ ရယူရေးလုပ်ငန်းပြီးဆုံးချိန်တွင် လမျက်နှာပြင်ပေါ်သို့ စတင်ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်း၌ ကျောက်သားနမူနာများ အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သော ကမ္ဘာ့ပထမဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ချန်အာ-၆ လဆင်းယာဉ် ရယူထားသည့် ကျောက်သားနမူနာများသည် လပတ်လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်သားနမူနာများ သယ်ဆောင်ထားသည့် အာကာသယာဉ်သည် ဇွန် ၂၅ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နာဆာအာကာသ ယာဉ်မှူးနှစ်ဦးတို့ နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာမည်

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦးတို့သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာစဉ် နာဆာ အာကာသယာဉ်မှူး ကတ်ဒ်ဝဲလ်ဒေဆင်နှင့် မက်သရူးဒေါမနစ်သည် အာကာသစခန်းကိုယ်ထည်ပေါ်ရှိ အဏုဇီဝသက်ရှိများကို စုဆောင်းရယူရန် စီစဉ်ထားသည်။

နာဆာ အာကာသယာဉ်မှူးနှစ်ဦး၏ နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုသည် ၆ ဒသမ ၅ နာရီထိ ကြာမြင့်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာမည့် နာဆာ အာကာသယာဉ်မှူးနှစ်ဦးမှာ ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာအာကာသလူသယ်ယာဉ်နှင့်အတူ ဇွန် ၆ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့သော အာကာသယာဉ်မှူးများ ဖြစ်ကြသည်။

နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများသည် ယခုနှစ် နွေရာသီတွင်လည်း နိုင်ငံတကာအာကာသစခန်းပြင်ပ ထွက်ခွာမှုနှစ်ကြိမ် ထပ်မံလုပ်ဆောင်ရန် စီစဉ်ထားသည်။

အဆိုပါ နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုများအတွင်း အာကာသယာဉ်မှူးများအနေဖြင့် အာကာသစခန်းယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို ဇွန် ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသစ်များကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို ဇွန် ၁၂ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေအရ လွှတ်တင်ချိန်ကို ဇွန် ၁၄ ရက်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လက်ရှိအချိန်တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုပေါင်း ၆၀၀၀ ကျော်ကို လွှတ်တင်ထားပြီးဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း လက်ရှိအချိန်ထိ အာကာသမစ်ရှင်ပေါင်း ၆၀ လွှတ်တင်ခဲ့ရာ အများစုမှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များ ဖြစ်ကြသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၄၈ ခုထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ပြင်းထန်သည့်အော်တစ်ဇင်ရောဂါပုံစံက သန္ဓေသားဘဝ ဦးနှောက်အပြင်လွှာ ပုံမှန်ထက်ကြီးမားလာမှုနှင့် ဆက်စပ်နေ

**နယူးယောက် ဇွန် ၁၃**

ပြင်းထန်သည့် အော်တစ်ဇင်ရောဂါပုံစံများသည် သန္ဓေသားဘဝ ဦးနှောက်အပြင်လွှာ ပုံမှန်ထက်ကြီးမားလာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၂ ရက်တွင်ပြောကြားသည်။

အော်တစ်ဇင်ရောဂါရှိသူကလေးများ၌ Cerebral Cortexs ခေါ် ဦးနှောက်အပြင်လွှာ အရွယ်အစားမှာ ပုံမှန်ထက် ၄၀ ရာခိုင်နှုန်းကြီးမားနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကလေးများ၏ Cerebral Cortexs ဦးနှောက်အပြင်လွှာပုံမှန်ထက်ကြီးမားမှုသည် နောက်ပိုင်းကာလများ၌ အော်တစ်ဇင်ရောဂါလက္ခဏာများ ပိုဆိုးလာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက်တစ်နှစ်နှင့် လေးနှစ်ကြားကလေးများ၏ သွေးပင်မဆဲလ်များကို Cerebral Cortexs များဖန်တီး၍ လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဦးနှောက်အရွယ်အစားပုံမှန်ထက်ကြီးမားတိုင်း ဦးနှောက်စွမ်းဆောင်ရည် မြင့်တက်လာမှုမရှိသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အော်တစ်ဇင်ရောဂါ အပြင်းထန်ဆုံးကလေးများမှာ Cerebral Cortex အရွယ်အစား အကြီးဆုံး ဖြစ်နေတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ပြင်းထန်မှုမရှိသည့်ကုထုံးများက ကင်ဆာလူနာများ အသက်ရှည်ရေးကို အထောက်အကူပြုနိုင်

**နယူးယောက် ဇွန် ၁၃**

ပြင်းထန်မှုမရှိသည့် ဓာတ်ရောင်ခြည်ကုထုံး၊ ဓာတုကုထုံးနှင့် ခွဲစိတ်မှုများသည် စင်စစ်အားဖြင့် ကင်ဆာရောဂါလူနာများ အသက်ရှည်ရေးကို အထောက်အကူပြုနိုင်ကြောင်း ဇွန် ၁၂ ရက်သတင်းများအရ သိရသည်။

ကင်ဆာရောဂါ လူနာများအတွက် လက်ရှိအသုံးပြုနေသောကုထုံးများကြောင့် လူ့ခုခံအားစနစ်ပျက်စီးခြင်း၊ ကင်ဆာဆဲလ်များဝန်းကျင်ရှိ ဆဲလ်များပျက်စီးခြင်းတို့ဖြစ်ပွားတတ်ပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ပြင်းအားကို အနိမ့်ဆုံးအဆင့် လျှော့ချထားသည့် ကင်ဆာကုထုံးများအနေဖြင့်လည်း လူနာများ ကျန်းမာစွာ အသက်ရှည်ရှည်နေနိုင်ရေးကို အထောက်အကူပြုနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အားပျော့သည့် ကင်ဆာကုထုံးများအသုံးပြုခြင်းဖြင့် လူနာများအနေဖြင့် ဘေးထွက်ဆိုးကျိုးများကို ရှောင်ရှား၍ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းကဲ့သို့ ဘဝနေထိုင်မှုပုံစံများကို ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတေသနပညာရှင်များသည် ကင်ဆာရောဂါလူနာ ၂၀၀၀ ကျော်တို့ကို ပြင်းအားလျှော့ထားသည့် ကုထုံးများဖြင့် စမ်းသပ်ကုသခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရောဝတီယူနိုက်တက်၊ ရတနာပုံအက်ဖ်စီနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင်ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက် ယူ-၂၀ အသင်း၊ ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းနှင့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းတို့ ပြိုင်ဘက်များကို အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မဟာယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်နှင့် ၅၅ မိနစ်တွင် ဟိန်းသန့်၊ ပွဲချိန် ၅၇ မိနစ်တွင် မဟာယူနိုက်တက် ယူ-၂၀ အသင်းမှ ဟိန်းလင်းဇော်က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့ပြီး ၄၉ မိနစ်နှင့် ၈၉ မိနစ်တို့တွင် မျိုးမင်းခန့်တို့က သွင်းယူပေးခဲ့ကာ မဟာယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၄၄ မိနစ်တို့တွင် Maru Htoi San Seng Dinက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ မြဝတီအက်ဖ်စီ ယူ-၂၀ အသင်းနှင့် ရောဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တောင်ဒဂုံ အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ချဲလ်ဆီးအသင်းက ပက်ထရိုလီမာကို ယူရို ခုနစ်သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိ

**လန်ဒန် ဇွန် ၁၃**

ချဲလ်ဆီးအသင်းသည် ဘရာဇီးကလပ် Sport Recife အသင်းမှ ညာတောင်ပံ ခံစစ်ကစားသမား အသက် ၁၈ နှစ်ရှိ ပက်ထရိုလီမာကို ပြောင်းရွှေ့ကြေး ယူရိုခုနစ်သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်း အနေဖြင့် ပက်ထရိုလီမာကို ခေါ်ယူနိုင်ရန် အကျိုးတူ ပူးပေါင်းထားသည့် ပြင်သစ်ကလပ် စထရာဘော့ အသင်းမှတစ်ဆင့် ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်ပြီး ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရိုခုနစ်သန်း အသင်းအပိုဆုကြေး ၃ ဒသမ ၅ သန်း အသုံးပြုခဲ့ရသည်။

လက်ရှိတွင် ကစားသမား၏ အေးဂျင့်ဖြစ်သူသည် ချဲလ်ဆီးအသင်းနှင့် နောက်ဆုံးသဘောတူညီချက်ရယူရန် ဥရောပသို့ ခရီးထွက်ခဲ့ပြီး စာချုပ်တွင် ကစားသမားအနေဖြင့် လာမည့်ဘောလုံးရာသီတွင် စထရာဘော့အသင်းတွင် ကနဦး ကစားရမည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ပက်ထရိုလီမာကိုခေါ်ယူရန် နှစ်ကြိမ်တိုင်တိုင် ကမ်းလှမ်းခဲ့ရပြီး ပထမတစ်ကြိမ်တွင် ပြောင်းရွှေ့ကြေး ယူရိုခြောက်သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ငြင်းပယ်ခံရသဖြင့် ဒုတိယအကြိမ် ယူရိုခုနစ်သန်းဖြင့် ထပ်မံကမ်းလှမ်းခဲ့ရာ Sport Recife အသင်းက ကမ်းလှမ်းမှုကို လက်မခံသဖြင့် ဥရောပကလပ်များဖြစ်သည့် မန်စီးတီး၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်နှင့် လီဗာပူးအသင်းတို့ကလည်း ကစားသမားကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလာခဲ့ချိန်မှသာ Sport Recife အားကစားဒါရိုက်တာ ဘားရိုးက ချဲလ်ဆီးအသင်းနှင့် အပြောင်းအရွှေ့ပြုလုပ်ရန် သဘောတူခဲ့သည်။

ချဲလ်ဆီးအသင်း နည်းပြသစ် မာရက်စ်ကာသည် ၎င်းရောက်ရှိခဲ့ပြီးနောက်ပိုင်း ဖူလ်ဟမ်ကစားသမား အဒါရာဘီအိုယိုကို ခေါ်ယူခဲ့သည့်အပြင် ယခုအခါ ဘရာဇီးလူငယ်ကစားသမား ပက်ထရိုလီမာကိုပါ ထပ်မံခေါ်ယူနိုင်ခဲ့သဖြင့် ဒုတိယမြောက် ကစားသမားခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# ဒဏ်ရာရကစားသမားများနေသည့် နယ်သာလန်အသင်းက တိုက်စစ်မှူး ဇက်ခ်ဇီးအား နောက်ဆုံးခေါ်ယူမှုပြုလုပ်

**အမ်စတာဒမ် ဇွန် ၁၃**

နယ်သာလန် အသင်းသည် အသင်းမှ အဓိကကစားသမား အချို့ ဒဏ်ရာပြဿနာကြောင့် နုတ်ထွက်ခဲ့ရပြီးနောက် ယူရိုပြိုင်ပွဲမတိုင်မီ တိုက်စစ်မှူး ဇက်ခ်ဇီးကို ကစားသမား ၂၆ ဦးစာရင်းတွင် နောက်ဆုံး ခေါ်ယူခဲ့ကြောင်း သိရသည်။

နည်းပြကိုးမန်းသည် အစောပိုင်းက ကစားသမား ၂၆ ဦးစာရင်းတွင် ဖရန်ကီဒီဂျောင်း၊ ကူမိုင်နာတို့ကို ရွေးချယ်ခဲ့သော်လည်း ကစားသမားများအနေဖြင့် ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိတော့သဖြင့် တိုက်စစ်ပိုင်းဖြည့်တင်းနိုင်ရန်အတွက် ဘိုလော့ဂ်နာအသင်း လူငယ်တိုက်စစ်မှူး ဇက်ခ်ဇီးကို နောက်ဆုံးခေါ်ယူမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြကိုးမန်း အနေဖြင့် ကနဦးရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် ဘော့မန်း၊ ဒီရွန်း၊ ဟာ့မန်းတို့ ဒဏ်ရာရခဲ့သောကြောင့် ဖရင်ပေါင်၊ ဗန်ဒီဗန်၊ မာအက်ဆန်တို့ကို အစားထိုးခေါ်ယူခဲ့ရပြီး ယူရိုပြိုင်ပွဲ အုပ်စု(D)တွင် ပြင်သစ်၊ ပိုလန်၊ ဩစတြီးယားအသင်းတို့နှင့် ပွဲကျပ်ကစားရမည်ဖြစ်၍ ကလပ်အသင်းများတွင် ပုံမှန်ခြေစွမ်းပြသကာ အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများကိုသာ ရွေးချယ်ခဲ့ကြောင်း သိရသည်။

သို့သော် ယူရိုပြိုင်ပွဲမစတင်မီ ရက်ပိုင်းအလိုတွင် ဖရန်ကီဒီဂျောင်းနှင့် ကူမိုင်နာတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိတော့သဖြင့် ၎င်းတို့နေရာတွင် ပါဝင်ကစားနိုင်မည့် လူငယ်ကစားသမား ဇက်ခ်ဇီးကို နောက်ဆုံးခေါ်ယူ၍ အစားထိုးခဲ့ရသည်။

နည်းပြကိုးမန်း ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ ဖလက်ကန်၊ ဘီဂျိုး၊ ဗာဘက်ဂျန်၊ ခံစစ်တွင် ဒါလေဘလိုင်း၊ ဗန်ဒိုက်၊ ဒီဗရီဂျေ၊ နသန်အကီ၊ ဂီယာထရိုက်ဒါ၊ ဖရင်ပေါင်၊ မာအက်ဆန်၊ ဗန်ဒီဗန်၊ ကွင်းလယ်တွင် ဝင်နယ်ဒန်၊ ဒမ်ဖရိုင်းစ်၊ ရှောက်တန်၊ ဗီယာမန်း၊ တီဂျန်နီ၊ ဂရာဗန်ဘာ့ရှ်၊ ဆိုင်မွန်၊ တိုက်စစ်တွင် ဒီပေး၊ ဝက်ဟို့စ်၊ ဘာ့ဝင်၊ မာလန်း၊ ဂတ်ပို၊ ဇက်ခ်ဇီးတို့ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# ရီးရဲလ်မက်ဒရစ်ဂိုးသမား လူနင်ကို နည်းပြအာတီတာ ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဇွန် ၁၃**

အာဆင်နယ်အသင်း နည်းပြအာတီတာက ရီးရဲလ်မက်ဒရစ်အသင်းတွင် နည်းပြနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်လာသည့် ဂိုးသမားလူနင်ကို လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ဂိုးသမားလူနင်သည် ယခုနှစ်ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ် အသင်းတွင် ပထမဦးစားပေးဂိုးသမား ကော့တွိုက် အရွတ်ထိခိုက် ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရချိန်တွင် ပထမဦးစားပေး ဂိုးသမားအဖြစ် တာဝန်ယူ၍ အသင်းအား လာလီဂါဆုဖလားနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲထိရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သည်။

သို့သော်လည်း နည်းပြအန်ဆယ်လော့တီက ယခုနှစ်ဘောလုံးရာသီတွင် လက်စွမ်းပြကစားနိုင်ခဲ့သည့် ဂိုးသမားလူနင်အား မျက်ကွယ်ပြု၍ ချန်ပီယံလိဂ် ဗိုလ်လုပွဲမတိုင်မီ ဒဏ်ရာမှသက်သာလာသည့် ဂိုးသမားကော့တွိုက်အား ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်ကြောင်း ချီးကျူးစကားပြောကြားခဲ့ပြီး ဗိုလ်လုပွဲတွင် ထည့်သွင်း အသုံးပြုခဲ့ပြီးနောက် အန်ဆယ်လော့တီနှင့် ဂိုးသမားလူနင်တို့အကြား ဆက်ဆံရေး အဆင်မပြေမှုများ ရှိလာခဲ့ခြင်း ဖြစ်သည်။

ဂိုးသမားလူနင်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာကျန်ရှိတော့သည့်အတွက် အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းခဲ့သော်လည်း လူနင်က ဘာနေဗျူးတွင် ၎င်းပါဝင်နေရသည့်ကဏ္ဍကို စဉ်းစားမှုများ ပြုလုပ်နေပြီး အာဆင်နယ်အသင်း အပါအဝင် ဥရောပထိပ်သီး ကလပ်များ၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေကြောင်း သိရသည်။

**Ref : RT**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်က လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေပြီး လီဗာပူးအသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အေစီမီလန်အသင်းက မက်တီကက်ရှ်ကိုခေါ်ယူရန် နီးစပ်နေသော်လည်း ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် သန်း ၃၀ ထိရှိနေသောကြောင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။
- ဘီလ်ဘာအိုကစားသမား နစ်ကိုးဝီလျံက အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားပြီး ယူရိုပြိုင်ပွဲအတွက် အာရုံစိုက်နေကြောင်း ပြောကြားခဲ့သဖြင့် ဘာစီလိုနာအသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ရသည်။ **ML**

# ၂၀၂၅ အာရှ ယူ-၂၀၊ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲတို့အတွက် အုပ်စုမဲခွဲမှုပြုလုပ် မြန်မာ ယူ-၁၇ အသင်းနှင့် ယူ-၂၀ အသင်းတို့ အုပ်စု(I)တွင် ကျရောက်



**ရန်ကုန် ဇွန် ၁၃**

၂၀၂၅ အာရှ ယူ-၂၀ပြိုင်ပွဲနှင့် ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အာရှ ဘောလုံးအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့ရာ မြန်မာ ယူ-၁၇ အသင်းနှင့် မြန်မာ ယူ-၂၀ အသင်းတို့ အုပ်စု(I)တွင် အသီးသီး ကျရောက်ခဲ့ကြကြောင်း သိရသည်။

၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာ ယူ-၂၀ အသင်းသည် အုပ်စု (I)တွင် အာရှထိပ်သီး ဂျပန် ယူ-၂၀ အသင်း၊ ကာဂျစ်စတန် ယူ-၂၀ အသင်း၊ တာ့မင် နစ္စတန် ယူ-၂၀ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက် ရှိနေသည်။

မြန်မာ ယူ-၂၀ အသင်း ပါဝင်ကစားမည့် အုပ်စု(I)ကို အိမ်ရှင်အဖြစ် ကာဂျစ်စတန် အသင်းက လက်ခံကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို လာမည့် စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်ထိ ကစားသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ အာရှ ယူ-၁၇ ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် မြန်မာ ယူ-၁၇ အသင်းသည် အုပ်စု (I)တွင် ကျရောက်လျက်ရှိနေပြီး ယီမင် ယူ-၁၇ အသင်း၊ ဗီယက်နမ် ယူ-၁၇ အသင်း၊ ကာဂျစ်စတန် ယူ-၁၇ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အဆိုပါ အုပ်စုကို အိမ်ရှင်အဖြစ် ဗီယက်နမ်နိုင်ငံက ကျင်းပသွားမည်ဖြစ်ကာ အုပ်စုပွဲစဉ်များကို လာမည့် အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# အေဗီလာအသင်းက ကော်တင်ဟိုနှင့် စာချုပ်ဖျက်သိမ်းရန် ဆွေးနွေးမှုပြုလုပ်

**လန်ဒန် ဇွန် ၁၃**

အေဗီလာ အသင်းသည် ကွင်းလယ်တိုက်စစ် ကစားသမား ကော်တင်ဟိုကို နှစ်ဖက်သဘောတူ စာချုပ် ဖျက်သိမ်းရန်အတွက် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ကော်တင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကာတာကလပ် အယ်ဒူဟိုင်းအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကာ သွင်းဂိုးခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း ကစားသမားအနေဖြင့် ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်းသို့ ပြောင်းရွှေ့ကစားလိုသောကြောင့် အေဗီလာအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရခဲ့သည်။

ကော်တင်ဟိုသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက ဘာစီလိုနာအသင်းမှ အေဗီလာအသင်းသို့ ကနဦးအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၂ ခုနှစ် နွေရာသီတွင် အပြီးသတ်ဝယ်ယူ၍ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း နည်းပြအမ်မရီလက်အောက်တွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသဖြင့် အငှားစာချုပ်ဖြင့် အယ်ဒူဟိုင်းကလပ်သို့ သွားရောက်ကစားခဲ့ရသည်။

လက်ရှိတွင် အေဗီလာအသင်းသည် ကော်တင်ဟိုနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေပြီး ကစားသမား၏ တစ်ပတ်လုပ်ခလစာမှာ စတာလင်ပေါင် ၁၃၅၀၀၀ ခန့် ပေးချေရသဖြင့် ပရီးမီးယားလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းကို ကျော်ဖြတ်နိုင်ရန် ကော်တင်ဟိုနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# ဒေါ့မွန်အသင်းက နည်းပြတာဇစ်နှင့်လမ်းခွဲကြောင်း အတည်ပြုကြေညာ

**ဘာလင် ဇွန် ၁၃**

ဒေါ့မွန်အသင်းက ယခုနှစ် ဘောလုံးရာသီတွင် အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတာဇစ်နှင့် လမ်းခွဲခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။



အသက် ၄၁ နှစ်ရှိ တာဇစ်သည် ဒေါ့မွန်အသင်းကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လက တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်လီဂါဖလား ဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း နောက်ဆုံးပွဲစဉ်မှသာ လက်လွှတ်ခဲ့ရသည့်အတွက် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

အလားတူ တာဇစ်သည် ယခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါဖလားပြိုင်ပွဲတွင် အဆင့်(၅)နေရာ၌ရပ်တည်ပြီး ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

တာဇစ်သည် ဒေါ့မွန်အသင်းကို နှစ်ရာသီ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၅၅ ပွဲ အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပွဲ ၂၀ သရေရလဒ်နှင့် ၂၁ ပွဲ ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

**Ref : RT**

**Trs : STA**

# Rothesay Open တင်းနစ်ပြိုင်ပွဲ ကွာတားအဆင့်သို့ ဒန်အီဗန်တက်ရောက်

**နော်တင်ဟမ် ဇွန် ၁၃**

အင်္ဂလန်နိုင်ငံ နော်တင်ဟမ်မြို့တွင်ကျင်းပနေသည့် Rothesay Open ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ဒန်အီဗန်က ဗြိတိန်တင်းနစ်ကစားသမားတစ်ဦးပင်ဖြစ်သည့် ဟင်နရီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဒန်အီဗန်က (၇-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒန်အီဗန်သည် ဆယ်ကျော်သက်အရွယ် တင်းနစ်ကစားသမား ဟင်နရီအား အနိုင်ရရှိရေးအတွက် ပွဲငယ်နှစ်ပွဲစလုံး tie-break အဆင့်အထိ ခက်ခက်ခဲခဲ ကစားခဲ့ရပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်အရွယ် ဒန်အီဗန်သည် လက်ရှိ ဗြိတိန်အဆင့်(၃) တင်းနစ်ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပြီး အသက် ၁၈ နှစ်အရွယ် 2023 Junior Wimbledon Champion ဖြစ်သူ ဟင်နရီအား အနိုင်ရရှိနိုင်ရန် ရေကုန်ရေခမ်း ကစားခဲ့ရကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

ဒုတိယအဆင့်တွင် ပါရမီရှင် လူငယ်ကစားသမားဖြင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရခြင်းသည် ၎င်းအား ချန်ပီယံဆုအတွက် အကောင်းဆုံး ပြင်ဆင်ပြီးသားဖြစ်ခဲ့သည့်အတွက် ၎င်းအတွက် အကျိုးရှိသည့် ပွဲစဉ်ဖြစ်ခဲ့ကြောင်း ဒန်အီဗန်က ပြောကြားခဲ့သည်။

ဒန်အီဗန်က "ဟင်နရီနဲ့ ကစားခဲ့တဲ့ပွဲစဉ်ဟာ ကျွန်တော့်အတွက် အရမ်းကို အကျိုးရှိတဲ့ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ အရမ်းလဲခက်ခဲတဲ့ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ ဟင်နရီဟာ မြက်ခင်းပြင်ကွင်းမှာကစားတာ ပိုကောင်းတယ်။ ကျွန်တော့်အနေနဲ့လဲ ပုံစံကောင်းရခဲ့သလို အကောင်းဆုံးပုံစံနဲ့ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဟင်နရီကစားသွားတာ အရမ်းကောင်းတဲ့အတွက် ကျွန်တော့်အတွက် တော်တော်လေးခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# မြန်မာ့ရိုးရာလက်ဝှေ့ ရိုးရာအောင်လံနှင့် စာချုပ်စိန်ခေါ်ပွဲကို ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဘားအံမြို့၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၃**

မြန်မာ့ရိုးရာ လက်ဝှေ့အလွတ်တန်းချန်ပီယံဟောင်း ရွှေဓူဝံ အောက်မေ့သတိရဖွယ် အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့ရိုးရာအောင်လံနှင့် စာချုပ်စိန်ခေါ်ပွဲကို လာမည့် ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ မိုးလုံလေလုံအားကစားရုံ၌ နံနက် ၁၀ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ရိုးရာအောင်လံနှင့် စာချုပ်စိန်ခေါ်ပွဲ ပထမရက်ဖြစ်သည့် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီမှ စတင်ပြီး ကျော်ကျော်သိန်း (ရွှေနံ့သာ)နှင့် ချစ်မင်းစိုး (ဒေါနတောင်ခြေ)၊ စူပါအေး(ဇာနည်မောင်)နှင့် အောင်ထွန်းဘို(ဒို့ရိုးရာ)၊ ဖိုးကေ(ဒေါနတောင်ခြေ)နှင့် ရိုးရိုးလေး(တိုက်ဂါး)၊ အောင်ကောင်း(စက်ရုံ)နှင့် မိုးမြင့်အောင်(ဇာနည်သွေး)၊ ကျော်ရဲမင်း (ဖြိုးဝေGroup)နှင့် ရဲထွဋ်ခေါင် (ဇွဲကပင်မြေ)၊ မင်းထက်ကျော် (နဂါးမာန်)နှင့် သွေးလင်းထက် (ဒေါနတောင်ခြေ)၊ ရှမ်းတောက် (နဂါးမင်း)နှင့် သက်ပိုင်အောင် (ဖလုံပညာ့တဝေါင့်)၊ ရဲသွေးနီ (တောင်ကလေး)နှင့် သပြေညို (စက်ရုံ)၊ နေထူးထူး(တောင်ကလေး)နှင့် အောင်ခိုင်(စက်ရုံ)တို့ ထိုးသတ်မည်ဖြစ်သည်။

အလားတူ ပြိုင်ပွဲ ဒုတိယနေ့ဖြစ်သည့် ဇွန် ၁၆ ရက် နံနက် ၁၀ နာရီမှစတင်ပြီး ပါ့ပါ့သွီး(ဖလုံပညာ့တဝေါင်)နှင့် မိုးမျှော်သီး(စက်ရုံ)၊ ကျော်ဖော့ (အောင်နိုင်သူ)နှင့် ဇွဲသတ္တိ(ဇွဲကပင်မြေ)၊ ရွှေဖိုးချစ် (ဒေါနတောင်ခြေ)နှင့် ဟိန်းစိုးအောင် (ဇာနည်သွေး)၊ မောင်ဖုန်း(အဲ့ကညော)နှင့် တည်ကြည်ခန့်(ဇွဲကပင်မြေ)၊ ရေကျော်(တောင်ကလေး)နှင့် လေပြေသွေး(နဂါးမင်း)၊ ချစ်ရဲသွေး (တိုက်ဂါး)နှင့် စစ်သွေး(စက်ရုံ)၊ အောင်နိုင်ထွန်း (ဇွဲကပင်မြေ)နှင့် ဂျစ်တူး(တိုက်ဂါး)၊ မြလုံးချော (တော့ပ်ဝမ်း)နှင့် အောင်ဟိန်း (ဇွဲကပင်မြေ)၊ စောဂွန်(နဂါးမင်း)နှင့် စောမြလင်း(ဖြိုးဝေ Group)၊ မင်းကျော်ဇ(ဇွဲကပင်မြေ)နှင့် စိန်လုံးချော(တော့ပ်ဝမ်း)၊ ရန်နိုင်ထွန်း (ဇွဲကပင်မြေ)နှင့် ယျှူခလိန်းမင်း (စက်ရုံ)တို့ ထိုးသတ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ ၁၅ သိန်း ရိုးရာအောင်လံတွင် မိုးဟိန်း(စက်ရုံ)၊ အောင်ထက်ဟိန်း (ဇွဲကပင်မြေ)၊ လင်းထက်အောင် (ဖလုံပညာ့တဝေါင်)နှင့် အောင်ထက်ဦး (ဒို့ရိုးရာ)၊ သိန်း ၂၀ ရိုးရာအောင်လံတွင် စိုးနောင်ဦး(ဖလုံပညာ့တဝေါင်)၊ ဘဟိန်း(စက်ရုံ)၊ ချစ်ဝိုင်းဝိုင်း (ဇာနည်သွေး)နှင့် နက္ခမင်း(ဇွဲကပင်မြေ)တို့က ပါဝင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# အခွင့်အလမ်းများစွာ ရှိနေပါသေးသည်

မောင်သောင်းဝင်း(တမန်ဟောင်း)

ဇွန် ၁၀ ရက်နေ့ညကတည်းက ကျောင်းသားမိဘများနှင့် ကလေးများသည် ကောင်းကောင်းမအိပ်နိုင်ခဲ့ကြပေ။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအတွက် ရင်ခုန်နေကြခြင်းဖြစ်သည်။ ထို့နောက် ဇွန် ၁၁ ရက်နေ့ နံနက် လေးနာရီတွင် မိဘများနှင့် ကျောင်းသူ၊ ကျောင်းသားများ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ခဲ့ရသည်။ စာမေးပွဲအောင်မြင်သူများသည် ပျော်လို့မဆုံးဖြစ်ကြသည်။ အထူးသဖြင့် မိဘများက ပို၍ ပျော်ရွှင်နေကြသည်။ သူတို့၏အပျော်များကူးစက်ခြင်းခံရသည်။ စာမေးပွဲကျရှုံးသည့် ကလေးများ အထူးသဖြင့် မိန်းကလေးများသည် ဝမ်းနည်းပက်လက်ငိုကြွေးနေကြသည်။ မိဘများက နှစ်သိမ့်ပေးနေရသည်။

**အောင်မြင်မှုရာခိုင်နှုန်း**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၂၈၈၂၀ ဖြေဆိုခဲ့ရာ ၇၄၅၉၂ ဦး အောင်မြင်ခဲ့သောကြောင့် အောင်ချက်ရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။ ဆိုရလျှင် စာမေးပွဲဖြေဆိုသူဦးရေ ၁၀၀ တွင် ဦးရေ ၆၀ ခန့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် အောင်ချက်ရာခိုင်နှုန်းတိုးတက်လာသဖြင့် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သိပ္ပံဘာသာတွဲ၌ ကိုယ်ပိုင်ကျောင်း (EC) တာမွေမှ မောင်မင်းခန့်ဗိုလ်သည် ၅၅၇ မှတ်ဖြင့် တစ်နိုင်ငံလုံးပထမရရှိခဲ့သည်။ ဝိပ္ပံဘာသာတွဲ၌ ကိုယ်ပိုင်ကျောင်း(ကန်စွန်းအင်း)မြိတ်မှ မောင်လင်းလင်းပိုင်နှင့် ကိုယ်ပိုင်ကျောင်း (မဟော်သဓာ) လှည်းကူးမှ မအေးချမ်းပြည့်မွန်တို့က ၅၂၁ မှတ်စီဖြင့် တစ်နိုင်ငံလုံးပထမ ရရှိခဲ့ကြသည်။ ဝိဇ္ဇာဘာသာတွဲ၌ ကျွန်းလှ အခြေခံပညာအထက်တန်းကျောင်းမှ မဝင်းလက်တွယ်တာက ၅၂၃ မှတ်ဖြင့် တစ်နိုင်ငံလုံး ပထမ ရရှိခဲ့သည်။ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ခုနစ်ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး စုစုပေါင်း အကျဉ်းသား ၂၃ ဦး အောင်မြင်ခဲ့သည်။ အောင်မြင်သူများတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် သုံးဦး ပါဝင်သည်။ လေးဘာသာဂုဏ်ထူးရှင်က ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သိရသည်။

**မုဒိတာပွားမိ**

စာမေးပွဲအောင်စာရင်းသည် ကျောင်းသားတစ်ဦးတစ်ယောက်ချင်းစီ၏ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကို မှတ်ကျောက်တင်ပေးခြင်းဖြစ်သည်။ အောင်စာရင်းတွင် ဂုဏ်ထူးရရှိသည့်ဘာသာရပ်များကို ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်ကလေးများသည် ပို၍ ပျော်ရွှင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးတွင် အဆင့် ၁၀ အတွင်း ဝင်သည့် ကျောင်းသား၊ ကျောင်းသူများသည် သူတို့၏ကြိုးပမ်းမှုရလဒ်အတွက် ကျေနပ်နေလိမ့်မည်ဖြစ်သည်။ မိဘများသည် သား၊ သမီးများအတွက် ထိုအောင်မြင်မှုများကိုလည်း ဂုဏ်ယူဝင့်ကြွားပျော်လို့မဆုံး တပြုံးပြုံးဖြစ်နေကြမည်။

❖ အရာရာတိုင်းကို ပုံသေကားကျတွက်၍ စိတ်ဓာတ်ကျဆင်းနေရန်မလိုပေ။ အနာဂတ်တွင် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများ တွေ့ရှိလာနိုင်သည်။ ဘဝကို အပြုသဘောဆောင်စွာ ရှုမြင်ထားသင့်သည်။ စာမေးပွဲတစ်ခါကျရှုံးခြင်းသည် ဘဝတစ်ခုလုံးအတွက် ဆုံးရှုံးမှုကြီးမဟုတ်ပေ။ လာမည့် ပညာသင်နှစ်တွင် ဖိဖိစီးစီးသာ ကြိုးစားသွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်သေးသည်။ အောင်စာရင်းတွင် ပါမလာသော်လည်း စိတ်ဓာတ်ကျနေစရာမလိုပေ။ အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာရှိနေသေးသည်။ ❖

လှိုက်လှိုက်လှဲလှဲ မိဘချင်း ကိုယ်ချင်းစာမိသည်။ မုဒိတာပွားမိသည်။ မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် များစွာဂုဏ်ယူမိသည်။

အထူးသဖြင့် စာရေးသူတို့ ဌာနရှိ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏သားလေးသည်လည်း ဂုဏ်ထူးခြောက်ဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် မိဘများနှင့်ထပ်တူ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ စာရေးသူတို့လို ဝင်ငွေနည်းသောအောက်ခြေဝန်ထမ်းများသည် သား၊ သမီးများကို ပညာအမွေသာပေးနိုင်ကြသည်မဟုတ်လား။ ပူပူနွေးနွေးပြောင်းရွှေ့ရောက်ရှိလာသော ဌာနအကြီးအကဲကလည်း ထူးချွန်စွာအောင်မြင်ခဲ့သောကလေးကို ဆုချီးမြှင့်ပေးသည့် အခမ်းအနားကို ချက်ချင်းလုပ်ဆောင်ပေးခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များအပေါ် မိသားစုလိုသဘောထားကာ အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ကောင်းသောအစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။

ထိုသို့ အသိအမှတ်ပြုပေးခြင်းအားဖြင့် အခြားသော ဝန်ထမ်းများ၏ သား၊ သမီးများသည်လည်းကြိုးစားချင်စိတ်ထက်သန်လာစေမည်ဖြစ်သည်။ မည်သို့လုပ်ဆောင်ချက်တွင်မဆို ငွေကြေးတန်ဖိုးထက် စေတနာသည်သာလျှင် အဓိကကျသည်မဟုတ်ပါလား။ ချီးမြှင့်ထိုက်သင့်သူကို ချီးမြှောက်ပေးခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

**စာမေးပွဲအောင်စာရင်းတွင်ပါမလာသော်လည်း**

ပညာသင်နှစ် အစအဆုံး စွမ်းစွမ်းတမံကြိုးစားခဲ့ကြသော်လည်း ကံအကြောင်းမလှ၍ စာမေးပွဲအောင်စာရင်းတွင် ပါမလာကြသူများလည်း ရှိနေကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စာမေးပွဲဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးနှင့် အခြားလူမှုရေးအခက်အခဲတစ်ခုခုကြောင့် ခြေချော်၊ လက်ချော်ဖြစ်သွားနိုင်သည်။

လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးလာသည်ဟု သဘောထားသင့်သည်။ အရာရာတိုင်းကို ပုံသေကားကျတွက်၍ စိတ်ဓာတ်ကျဆင်းနေရန် မလိုပေ။ အနာဂတ်တွင် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများ တွေ့ရှိလာနိုင်သည်။ ဘဝကို အပြုသဘောဆောင်စွာ ရှုမြင်ထားသင့်သည်။ စာမေးပွဲ တစ်ခါကျရှုံးခြင်းသည် ဘဝတစ်ခုလုံးအတွက် ဆုံးရှုံးမှုကြီးမဟုတ်ပေ။ လာမည့် ပညာသင်နှစ်တွင် ဖိဖိစီးစီးသာ ကြိုးစားသွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်သေးသည်။ အောင်စာရင်းတွင် ပါမလာသော်လည်း စိတ်ဓာတ်ကျနေစရာမလိုပေ။ အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာရှိနေသေးသည်။

**ဆန္ဒသာရှိမည်ဆိုလျှင်**

လက်ရှိစာမေးပွဲကျရှုံးမှုကို ဘဝအတွက် သင်ခန်းစာအဖြစ် သဘောထားသွားရမည်ဖြစ်သည်။ အောင်စာရင်းတွင်ပါလာခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပထမဆုံးဆောင်ရွက်ရမည့်အလုပ်သည် လွန်ခဲ့သောတစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်သွားရန် လိုအပ်သည်။ အမှတ်စာရင်းတောင်းကြည့်ရမည် ဖြစ်သည်။ အမှတ်စာရင်းတွင် အားနည်းချက်ရှိသောဘာသာရပ်များကို ယခုနှစ်တွင် ပိုမိုလေ့ကျင့်ကျက်မှတ်သွားရမည်ဖြစ်သည်။ အားသာချက်ရှိပြီးသော ဘာသာရပ်များကို ဆက်လက်လေ့ကျင့်ကျက်မှတ်လိုက်မည်ဆိုလျှင် သေချာပေါက် ဂုဏ်ထူးထွက်မည်ဖြစ်သည်။

အောင်မြင်သွားသူများထဲတွင် အချို့သော ကျောင်းသား၊ ကျောင်းသူများသည် မျှော်မှန်းထားသလောက် ဂုဏ်ထူးမထွက်သဖြင့် မှန်းချက်နှင့်နှမ်းထွက်လွဲနေသူများ ရှိကောင်းရှိနေမည်ဖြစ်သည်။ ထိုသူများကိုကြည့်ပြီး မိမိအနေဖြင့် ထိုသို့မဖြစ်ရလေအောင် ပိုမိုကြိုးစားသွားမည်ဆိုသော သန္နိဋ္ဌာန်ကို အခိုင်အမာချထားရန်သာ လိုအပ်သည်။ မည်သည့်အရာတွင်မဆို အောင်မြင်လိုသည့်ဆန္ဒသာ အမှန်တကယ်ရှိနေမည်ဆိုလျှင် အဆုံးတစ်နေ့တွင် ထိုက်တန်သောအောင်မြင်မှုကို ဧကန်မုချရရှိသွားမည်ဖြစ်သည်။

**အခွင့်အလမ်းများစွာရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အကြောင်းအမျိုးမျိုးကြောင့် ဖြေဆိုရန်ကျန်သည့် ကလေးများကို ဧပြီလနှင့် မေလတို့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပေးခဲ့သည်ကိုလည်း ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအတွက် ကောင်းမွန်သည့်အခွင့်အရေး ရရှိလိုက်ခြင်းဖြစ်သည်။

အချို့သောသူများသည် တစ်ခါကျရှုံးရုံမျှဖြင့် စိတ်ဓာတ်ကျဆင်းသွားတတ်ကြသည်။ စိတ်ထင်ရာလျှောက်လုပ်တတ်ကြသည်။ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါးသုံးစွဲတတ်သည်။ အဆိုးရွားဆုံးအချက်သည် လွဲမှားသောနည်းလမ်းဖြင့် ထွက်ပေါက်ရှာခြင်းဖြစ်သည်။ အချို့သော ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲကျရှုံးရုံမျှဖြင့် မိမိကိုယ်ကို သေကြောင်းကြံစည်တတ်ကြသည်။ လွဲမှားသောဆုံးဖြတ်ချက်ပင်ဖြစ်သည်။ လူ့ဘဝသည် ရခဲလွန်းလှသည်။ ကြိုးစားရန်အချိန်ရှိသည်။အောင်မြင်သူများကိုကြည့်ပါ။ ထိုသူများသည် တစ်ချိန်က ကျရှုံးခဲ့ဖူးသည်။ တစ်ချိန်က လဲကျခဲ့ဖူးသည်။ သို့သော် အောင်မြင်လိုသည့် ခိုင်မာသောဆန္ဒရှိနေသဖြင့်အကြိမ်ကြိမ်ကြိုးစား၊ အကြိမ်ကြိမ်ရုန်းကန်ထခဲ့ကြရသည်။ မိမိလည်း ကြိုးပမ်းသွားမည်ဆိုလျှင် မအောင်မြင်စရာအကြောင်း မရှိချေ။ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့သာ လိုသည်။ အောင်မြင်မှုသည် မိမိလက်တစ်ကမ်းတွင်ရှိနေသည်။

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သူများသည် စိတ်ဓာတ်ကျနေစရာမလိုပေ။ တမှိုင်မှိုင်တတွေတွေဖြင့် နောင်တရနေရန်လည်း မလိုပေ။ အဓိကလုပ်ဆောင်သွားရမည့်အချက်သည် လာမည့် ပညာသင်နှစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များနှင့် ကြိုးစားသွားရန်သာ လိုအပ်သည်။ ပညာသင်နှစ်အစမှစ၍ တစ်နေ့စာတစ်နေ့ ပြတ်အောင်သာ ကြိုးစားလေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် အတန်းတင်စာမေးပွဲကြီးကို အလွယ်တကူဖြေဆိုအောင်မြင်နိုင်မည်ဖြစ်သည်။ ဆိုရလျှင် အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာရှိနေသေးသည်။ စနစ်တကျသာ လေ့လာသင်ယူလေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် ထူးချွန်စွာအောင်မြင်နိုင်သည်။

ဆိုရလျှင် ဇွန် ၁၁ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် မပါရှိသူများကို မိဘများကလည်း မိမိ၏ သား၊ သမီးများ စာမေးပွဲကျရှုံးသဖြင့် ဒေါသထွက်နေစရာမလိုပေ။

လက်ရှိအချိန်တွင် ကလေးများကို စိတ်ဓာတ်မကျအောင် အားပေးသွားသင့်သည်။ မိဘများသည် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ရေး ကြိုးပမ်းသွားရန်သာ လိုအပ်သည်။ အချိန်က ကုစားသွားမည်ဖြစ်သည်။ ကလေးများကို စိတ်ဒဏ်ရာရရှိအောင် လွန်လွန်ကဲကဲဖိအားမပေးသင့်ပေ။ အဆိုးထဲမှ အကောင်းဖြစ်သည်။ ကောင်းမွန်သောအခြေအနေတစ်ရပ်ကို ဖန်တီးလာခြင်းဖြစ်သည်ဟု သဘောထားသွားရန်သာ လိုအပ်သည်။ ဆိုလိုသည်မှာ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင်ကြိုးပမ်းနိုင်ရေးအတွက် အခွင့်အလမ်းရှိသည်ဟု သဘောထားရန်သာလိုအပ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သည့်ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲကျရှုံးမှုအတွက် စိတ်ဓာတ်ကျနေရန် မလိုပေ။ မည်သို့ပင်ဆိုစေကာမူ အောင်မြင်အောင် ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့်သာ ကြိုးပမ်းသွားမည်ဆိုလျှင် အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပုဂ္ဂလစံအိမ် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးစီးသွားပြီဖြစ်၍ ရုံတင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဇွန် ၁၃**

ရဲမွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ပုဂ္ဂလစံအိမ် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးစီးသွားပြီဖြစ်၍ ယခုနှစ်အတွင်း ရုံတင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ သိုးဆောင်းက ပြောပြ၍ သိရသည်။

ပုဂ္ဂလစံအိမ် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားကာ ရဲမွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သိုးဆောင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ တတိယမြောက် ရုပ်ရှင်ဇာတ်ကားပါ။ ဇာတ်လမ်း ဇာတ်အိမ်ကလဲ ကောင်းတယ်။ ကျွန်တော်အရင်က ရိုက်ခဲ့တဲ့ ဇာတ်ကားတွေ ဝတ္ထုတွေမှာလဲ အားလုံးစိတ်ထည့်လုပ်ထားသလို ဒီဇာတ်ကားအတွက်လဲ အများကြီး အားစိုက်ထားပါတယ်။ ပါဝင်ပေးကြတဲ့ သရုပ်ဆောင်အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကားအတွက် လုပ်နိုင်သလောက် အစွမ်းကုန် ကြိုးစားရိုက်ကူးထားပါတယ်။ ဒီနှစ်အတွင်းမှာ ရုံတင်ပြသနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဒါရိုက်တာ သိုးဆောင်းက ပြောပြသည်။

ပုဂ္ဂလစံအိမ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ ရှင်မွေလ၊ အောင်လေး၊ တီစော၊ လွင်မင်းသန့်၊ ပိုင်ကြီး ခေါ် ပိုင်စိုးစံ၊ မင်းနေလင်း၊ မေမြင့်မိုရ်၊ အထူးဧည့်သည်သရုပ်ဆောင် မိစန္ဒီ နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းပုံစံ ပုဂ္ဂလစံအိမ် ရုပ်ရှင်ဇာတ်ကားကို ပြီးခဲ့သည့် မတ်လမှစတင်ကာ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Werewolves ထိတ်လန့်သည်းဖိုဇာတ်ကား ယခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရုံတင်ပြသမည်

**နယူးယောက် ဇွန် ၁၃**

Werewolves အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

Werewolves ဇာတ်ကားကို Briarcliff Entertainment နှင့် The Solution Entertainment ကုမ္ပဏီတို့က တာဝန်ယူဖြန့်ချိမည်ဖြစ်သည်။

Werewolves ဇာတ်ကားသည် Captain America မင်းသားဖရင့်ဂရီလို ပါဝင်သရုပ်ဆောင်ထားသော ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Werewolves ဇာတ်ကားသည် ဆန်းကြယ်သော လပြည့်ညတစ်ညတွင် လူသားများသမန်းဝံပုလွေအဖြစ် ပြောင်းလဲသွားပြီးနောက်ပေါ် ထွက်လာသောဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Werewolves ဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ မက်သရူးက နေဒီက ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားပြီး ဒါရိုက်တာ စတီဗင်မီလာက ရိုက်ကူးပေးထားသည်။

Werewolves ဇာတ်ကားတွင် မင်းသား ဖရင့်ဂရီလိုနှင့်အတူ မင်းသမီး ကတ်ထရီယာနာလေ၊ အိုင်ဖင်းနက်ဟာဒီရာတို့လည်း ပါဝင်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# ဖြတ်သန်းခွင့်မပြု ဇာတ်ကားကို ဇွန် ၁၆ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇွန် ၁၃**

ဖြတ်သန်းခွင့်မပြု ဇာတ်ကားကို ဇွန် ၁၆ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စိုးရန်အောင်က ပြောပြ၍ သိရသည်။

ဖြတ်သန်းခွင့်မပြု ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီအေးလွင်က ရေးသားထားကာ ဒါရိုက်တာအဖြစ် ဒီအေးလွင်ကပင် ရိုက်ကူးထားကြောင်း၊ ၂၀၁၅ ခုနှစ်ကရိုက်ကူးခဲ့သည့် ဗီဒီယိုဇာတ်ကားဖြစ်ပြီး SKYPREMIER HD ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီးဇာတ်ကားအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"အသက်ကွာတဲ့ အိမ်ထောင်ရေးတစ်ခုမှာ ချမ်းသာတဲ့အမျိုးသားက အသက်ငယ်ငယ် ချောချောအလှမယ်တစ်ယောက်ကို ယူထားပြီးတော့ သဝန်တိုတာပေါ့။ သဝန်တိုတဲ့အပြင် သူ့အမျိုးသမီးကို အချစ်စမ်းတဲ့အနေနဲ့ မဟုတ်တာတွေဇာတ်လမ်းဆင်ရာကနေ ဇာတ်ရှုပ်သွားတဲ့ အိမ်ထောင်ရေးဇာတ်ကားကောင်းလေးပါ။ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်" ဟု သရုပ်ဆောင် စိုးရန်အောင်က ပြောပြသည်။

ဖြတ်သန်းခွင့်မပြု ဇာတ်ကားတွင် သရုပ်ဆောင် လူမင်း၊ ရန်ကျော်၊ စိုးရန်အောင်၊ ရတနာဗို၊ ထက်ထက်ထွန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# 28 Years Later ဇာတ်ကားတွင် မင်းသား အာရင်ကယ်လီမင်း သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၁၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ 28 Years Later ဇာတ်ကား၌ Star Wars မင်းသား အာရင်ကယ်လီမင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

မင်းသား အာရင်ကယ်လီမင်းသည် 28 Years Later ဇာတ်ကားတွင် မင်းသား စီလီယံမာဖီ၊ မင်းသမီး အေရွန်တေလာဂျွန်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

28 Years Later ဇာတ်ကားသည် 28 Days Later (2002)ဇာတ်ကား၏နောက်ဆက်တွဲ ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသစ်ကိုမူ 28 Days Later ဒါရိုက်တာ ဒန်နီဘွိုင်းကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

28 Years Later ဇာတ်ကား၌ မင်းသား အာရင်ကယ်လီမင်းပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

28 Years Later ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref: Sputnik News

Trs: KKO



# စဉ့်ကူးမြို့နယ် ကျောင်းဆိပ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စဉ့်ကူး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောင်းဆိပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျေးရွာလိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း စနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်း တာဝန်ခံ ဦးကျော်သက်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များ စီမံကိန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းခွဲကို ကျေးရွာလူထုက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောင်းဆိပ်ကျေးရွာအပါအဝင် ကျေးရွာငါးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို

# Sein Pan Gone village-based tourism attracts large number of visitors


Foreign tourists seen visiting Sein Pan Hone village.

**Mandalay June 13**

Sein Pan Gone Village, which has developed village-based tourism, has seen a large number of domestic travellers visiting it, said U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Among the villages that have developed tourism, Sein Pan Gone Village in Madaya Township, Mandalay Region is one of the villages that are currently attracting travellers.

The travellers visiting Sein Pan Gone Village also visit to see the Irrawaddy Dolphins that live and graze in Madaya Township.

"Since 2014, the Wildlife Conservation Society (WCS), the Department of Fisheries, and the Irrawaddy Dolphin Conservation Group have worked together to develop village-based tourism. The villages that have been developed village-based tourism are Sin Kyun Village, Aye Kyun Village, Myey Kyun Village, and Sein Pan Gone Village in Madaya Township, and in Myit Kanggyi Village and Sae Thae Village in Singu Township, Mandalay Region and in Ywar Thit Village, Tagaung Village, and Shein Makar Village in Wetlet Township, Sagaing Region," he said. 184

# Over 480 rural water supply projects earmarked for more than 420 villages

**Nay Pyi Taw June 13**

The Ministry of Cooperatives and Rural Development stated that more than 480 water supply projects will be implemented in over 420 villages across the nation in 2024-25 financial year.

The ministry emphasizes implementation of rural supply projects for the people to have easy access to safe water in 2030.

Hence, the projects are being implemented with the budget of the State, monetary assistance of UNICEF and region and state funds. So far, the ministry implemented 1,202 water supply projects in rural areas across the nation in 2022-23 financial year.

In 2023-24 FY, a total of 1,302 projects of water supply were earmarked and all projects have been accomplished at cent per cent.

In this regard, the original allocated fund was spent on 255 projects and the fund in cooperation with UNICEF on 371 projects, totalling 1,302.

In 2024-25 FY, the ministry earmarked 481 rural supply projects in 427 villages. These facilities comprise artesian wells, tube-wells, hand-dug wells, lakes and springs.

At present, tender has been invited for the project in 2024-25 financial year. 336


A rural water supply project being implemented in a village.

# Surge in coconut supply from various regions boosts Mandalay market trading

**Mandalay June 13**

It has been reported that coconuts from various regions are being abundantly brought into the Mandalay market, where trading is ongoing as usual. Previously, coconuts were exported to Bangladesh, but due to a decrease in exports in recent months and good local demand in the Mandalay market, the inflow from various regions has increased significantly. It is also noted that coconuts are currently being sold for 1500-2000 kyats each in the market.

"Because the Mandalay market is large, it is possible that more coconuts from various regions are coming in compared to before. The trading is normal, but the increase in supply has slightly lowered the price," said coconut trader Daw Thu Thu.

Coconuts are not only used domestically in confectionery businesses but are also widely used in events such as weddings, pagoda festivals, and nat (spirit) festivals. Young coconuts are commonly sold as beverages in the Mandalay market. Coconuts produced in Myanmar are exported to Bangladesh as raw materials and are reprocessed into high-value products.

Currently, efforts are being made to produce refined products domestically for export, but the number of producers is still limited. 209

# Interview: Dialogue key driver of human civilization: former UNESCO chief

**Paris June 13**

Former Director-General of the United Nations Educational, Scientific and Cultural Organization (UNESCO) Irina Bokova said in a recent interview with Xinhua that intercultural dialogue becomes ever more important as the world today is confronted with "numerous challenges" to peace and sustainable development.

On June 7, the 78th session of the UN General Assembly (UNGA) unanimously adopted a China-proposed resolution to designate June 10 as the International Day for Dialogue among Civilizations.

The UN itself was created in the belief that dialogue can triumph over discord, and UNESCO has actively worked to promote "fruitful diversity of cultures," Bokova said.

Dialogue is "a key driver of human civilization, a continuous force for creativity, for the development of new ideas and for the sharing of knowledge," she said, citing history of the Silk Road as an example.

"Over millennia, the wondrous story of the Silk Road has been one of encounters -- between people, cultures, religions and knowledge. These encounters have shaped civilizations over the ages ... catalyzing inventions ... fertilizing intellectual scholarship," Bokova said. Xinhua

# Crucial crossing on Libya-Tunisia border to partially reopen after months of closure

**Tripoli June 13**

The Ras Ajdir border crossing, a vital land link between Libya and Tunisia, will partially reopen on Thursday following months of closure, the Libyan Interior Ministry announced on Wednesday.

The reopening decision was made after discussions between the interior ministers of both countries in Libya's capital Tripoli. Full operations at the crossing are scheduled to resume on June 20.

Located 170 km west of Tripoli, the Ras Ajdir crossing was closed on March 19 due to an attack by a "criminal group." It serves as a key passage for travelers between the two North African nations.

During their meeting, Libyan Interior Minister Emad al-Tarabelsi highlighted ongoing issues affecting passenger movement, including smuggling and problems with travelers having similar names. He noted that both sides are conducting maintenance and upgrades at the border crossing to meet international standards.

For his part, Tunisian Interior Minister Khaled Nouri expressed Tunisia's commitment to enhancing cooperation with Libya and addressing challenges impacting the flow of passengers through the border crossings. Xinhua


Libyan Interior Minister Emad al-Tarabelsi (R) and Tunisian Interior Minister Khaled Nouri (L) sign a security agreement in Tripoli, Libya, on June 12, 2024.

# Number of local and foreign travellers resurges at Taungthaman Lake and Bridge


Taungthaman Bridge being crowded with visitors.

**Mandalay June 13**

Number of local and foreign travellers visiting Taungthaman Lake and Bridge was on the rise starting from the first week of June 2024, said U Soe Win, secretary of the bridge maintenance body.

U Bein Bridge dubbed as Taungthaman Bridge concerning its location over Taungthaman Lake is attracting local and foreign travellers. As it is a great tourist destination in Mandalay Region, number of local and foreign travellers resurged again.

"At present, the lake and bridge can catch attentions of travellers. Those travellers visit there to enjoy sunset scene," said the secretary.

Some 500 travellers daily paid visit to the lake and bridge in the last week of May this year but the number of travellers leading to these destinations exceed 1,000 per day.

Taungthaman Bridge was built of 1,086 posts. More than 50 boats give transport service to travellers to enjoy sunset scene from the lake.

184


# Mandalay Region conducts 10 livelihood training courses to boost small business establishment

**Mandalay June 13**

According to the Mandalay Region Department of Small Industries, 10 livelihood support training courses have been conducted this fiscal year to help people in the Mandalay Region establish small businesses.

The department has planned to conduct a total of 34 training sessions this fiscal year, starting from April. So far, 10 sessions have been completed, said Director U Win Bo of the Mandalay Region Department of Small Industries.

"There are courses provided directly by the department as well as those conducted in collaboration with partner organizations. So far, we have conducted 10 livelihood support training sessions. The duration of each course varies depending on the type of training. Graduates of these courses have been able to start their own businesses in their local areas. We provide training for both urban and rural residents, with a focus on going to rural areas to teach technical skills. These courses allow families to stay together and start their own businesses, leading to more job opportunities and increased income through the production and sale of goods," he explained.


Photo shows a motorcycle repair training workshop.

The livelihood support training courses include techniques for producing consumer goods and cosmetics, value-added food production, electrical welding, basic motorcycle maintenance, home electrical wiring, electric motor sewing machine operation, basic sewing machine operation, electrical wiring, motor sewing machine training, handloom and power loom training, totaling 10 sessions. 185

# Plans underway to grow more than 18,000 acres of monsoon paddy in Kalewa Tsp

**Kalewa June 13**

According to the statistics of the township agriculture department, farmers will grow 18,635 acres of monsoon paddy in Kalewa Township of Kalay District in Sagaing Region this monsoon.

Local farmers planned to start cultivation of monsoon paddy in the third week of June till September.

U Myo Naing, Head of Kalewa Township Agriculture Department, said: "We earmarked growing more than 18,000 acres of monsoon paddy this monsoon. We will provide assistance to local farmers for cultivation of monsoon paddy meeting the target and agricultural techniques."

In 2023-24 FY, the township earmarked 18,526 acres of monsoon paddy but local farmers met the target cultivation.

This year, local farmers emphasize cultivation of Ayeyamin, Hsinthukha, Hsin Ekari-3, Palethwe, Shwebo Pawsan and domestic paddy strains. Agricultural staff helped local farmers prevent pests and minimize loss and waste of crops.

This year, agricultural staff will give a helping hand to local farmers with agricultural techniques, high quality of paddy strains, prevention of pests and systematic use of fertilizers.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin Township farmers harvest 83,682 acres of winter sunflowers

**Yinmabin June 13**

A total of 83,682 acres of sunflowers planted during the winter crop planting season in Sagaing Region have been harvested, according to statistics from the Department of Agriculture.

The harvest of sunflowers planted in the 2023-2024 winter season has been harvested since February of this year. So far, 83,682 acres have been harvested and 28.14 baskets have been produced per acre.

"Sunflowers are mainly planted in winter. In order to reduce the import of palm oil from abroad, we have been able to expand the cultivation of sunflower, which is an oilseed crop," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

The harvest of the sunflowers made by the townships in Yinmabin District is 18,561 acres in Yinmabin Township, 16,897 acres in Kani Township, 17,242 acres in Salingyi Township, and 30,982 acres in Pale Township, totaling 83,682 acres.

In order to expand the cultivation of sunflower in Yinmabin District, the relevant township Department of Agriculture has speeded up the educational courses, and provided the educational courses for the staff and sunflower growers to improve their performance and health.

206


A sunflower plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Global Security 2024 ကုန်စည်ပြပွဲတွင် ရုရှားနိုင်ငံထုတ် Legionnaire-E33K ဒရုန်းသစ် ထုတ်ဖော်ပြသ



ရုရှားနိုင်ငံ **Kalashnikov** ကုမ္ပဏီသည် ၎င်း၏ ၁၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကုန်စည်ပြပွဲ (**Global Security 2024**) တွင် လျှပ်စစ်မော်တာတပ်၊ ဒေါင်လိုက် အတက်၊ အဆင်း ပျံသန်းနိုင်သော (**VTOL**) **Legionnaire-E33K** ဒရုန်းအသစ်တစ်မျိုးကို မကြာသေးမီက ထုတ်ဖော်ပြသခဲ့သည်ဟု **Army Recognition** သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းသည် အဝေးမှ အာရုံခံခြင်းနှင့် ကုန်စည်ပို့ဆောင်ခြင်းအတွက် ဒီဇိုင်းထုတ်ထားပြီး အဆင့်မြင့် စွမ်းဆောင်ရည်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်လှမ်းခြင်းလုပ်ငန်းများအတွက် အဓိက အားထားနိုင်မည်ဖြစ်သည်။

**Legionnaire-E33K** တွင် ဒေါင်လိုက် အတက်၊ အဆင်း ပျံသန်းလုပ်ဆောင်နိုင်စေမည့် လျှပ်စစ်မော်တာများ တပ်ဆင်ထားပြီး သွားလာရခက်ခဲသောနေရာများ သို့မဟုတ် မြို့ပြဧရိယာများတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်း **VTOL** အင်္ဂါရပ်သည် ပြေးလမ်းအခြေခံ အဆောက်အအုံမပါဘဲ အလျင်အမြန်နှင့် အတက်၊ အဆင်း အတိအကျပြုလုပ်ရန် လိုအပ်သော တာဝန်များအတွက် အထူး အသုံးဝင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းဒရုန်းသည် အဝေးထိန်းစနစ်ဖြင့် အာရုံခံနိုင်စေရန် ဒီဇိုင်းထုတ်ထားပြီး အဆင့်မြင့် အာရုံခံကိရိယာများကို အသုံးပြု၍ မြေဆီလွှာနှင့် ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ တိကျသော အချက်အလက်များကိုစုဆောင်းနိုင်ကာ ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။

ဒရုန်းသည် သဘာဝဘေးဒဏ်သင့်ဒေသများသို့ အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများပေးပို့ရာတွင် အလွန်အရေးပါသည်။ ဥပမာအားဖြင့် ၎င်းကို သမားရိုးကျနည်းလမ်းဖြင့် လက်လှမ်းမမီသော လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများသို့ အစားအစာ၊ ရေနှင့် ဆေးဝါးများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုနိုင်သည်။ ၎င်းကုန်တင်ပို့ဆောင်မှုစွမ်းရည်သည် လျင်မြန်သော အရေးပေါ်ဆောင်ရွက်ရမှုများအတွက် အရေးကြီးပြီး အသက်အိုးအိမ်စည်းစိမ်များ ကယ်ဆယ်ရန်နှင့် နှောင့်နှေးမှုမရှိဘဲ မရှိမဖြစ်လိုအပ်သော အကူအညီများကို ပံ့ပိုးပေးနိုင်ရန် အရေးကြီးသည်။

နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်အရ **Legionnaire-E33K** ဒရုန်းသည် အခြေအနေအမျိုးမျိုးတွင် အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှုနှင့်ယုံကြည်စိတ်ချရမှုမြင့်မားစွာ အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသည်။ မကြာသေးမီက ၎င်း၏ စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ယုံကြည်စိတ်ချရမှုကို တိုးမြှင့်စေရန် လေခွင်းအားနှင့် အဆင့်မြင့် ထိန်းချုပ်မှုစနစ်များကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ဒရုန်းတွင် အလိုအလျောက်ပစ်မှတ်ကိုဖမ်းယူနိုင်သည့် စွမ်းရည်များ တပ်ဆင်ထားသောကြောင့် အလိုအလျောက် ကင်းထောက်နိုင်သည့် တာဝန်များအတွက် ထိရောက်မှုရှိစေကြောင်း သိရသည်။

**Kalashnikov** ကုမ္ပဏီအုပ်စုသည် **Legionnaire** ဒရုန်းအပြင် အလင်းနှင့် အနီအောက်ရောင်ခြည် လှိုင်းနှုန်းများအတွင်း အရာဝတ္ထုများကို ဝေဟင်မှ ထောက်လှမ်းခြင်းအတွက် ဒီဇိုင်းထုတ်ထားသည့် **UAV SKAT 350 M** ကဲ့သို့ ခေတ်မီဆန်းပြားသော ဒရုန်းများကို ဆက်လက်တီထွင်နေဆဲဖြစ်သည်။ ၎င်းမော်ဒယ်ကို ဆော်ဒီအာရေဗျနိုင်ငံ **Riyadh** မြို့တော်၌ကျင်းပခဲ့သော **2024 World Defense Show** ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့ပြီး **Supercam 350 UAV** ကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခဲ့မှု၏ ရလဒ်လည်းဖြစ်သည်။ အဆင့်မြှင့်တင်မှုများတွင် တောင်ပံဒီဇိုင်းအသစ်များနှင့် ထိန်းချုပ်ရေးစနစ်များပါဝင်ပြီး စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ယုံကြည်စိတ်ချရမှုကို တိုးမြှင့်ပေးနိုင်ခဲ့သည်။

**Kalashnikov** ကုမ္ပဏီသည် မြေပြင်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် **KUB-BLA** ကဲ့သို့သော **Kamikaze** ဒရုန်းများကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။ ၎င်းဒရုန်းများသည် ပုံဖျက်ဖုံးကွယ်ထားသော ပစ်လွှတ်စင်၊ တိကျမှု၊ လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားမှု စသည့်အားသာချက်များဖြင့် ခေတ်သစ်စစ်မြေပြင်တွင် အရေးကြီးသော ဆန်းသစ်တီထွင်မှုစွမ်းအားတစ်ရပ်ဖြစ်လာခဲ့သည်။ ၎င်းသို့သော တိုးတက်ဖွံ့ဖြိုးမှုများသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန်အတွက် အမျိုးမျိုးသောစစ်ရေးနှင့် ကယ်ဆယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဒရုန်းနည်းပညာများ ဆက်လက်တိုးတက်မြင့်မားစေရေး **Kalashnikov** ကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှုများလည်းဖြစ်ကြောင်း သိရသည်။

**Kalashnikov Presents Legionnaire Drone at Global Security 2024 Exhibition ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနှင့်တရုတ်နိုင်ငံကိုအမီလိုက်နိုင်ရန် အမေရိကန်က ဟိုက်ပါဆောနစ်ဒုံးကျည်များတီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေ

ရုရှားနှင့်တရုတ်နိုင်ငံကို အမီလိုက်နိုင်ရန် အမေရိကန်သည် ၎င်း၏ရေတပ်အတွက် ဟိုက်ပါဆောနစ်လက်နက်များ တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း ရုရှားနိုင်ငံပိုင် **Sputnik** သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့အတွက် အမေရိကန်ရေတပ်သည် **Hypersonic Air-Launched Offensive Anti-Surface Warfare (HALO)** အစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ အစီအစဉ်အတိုင်းသာ လုပ်ဆောင်နိုင်ပါက အမေရိကန်ရေတပ်သည် စစ်ရေယာဉ်များနှင့်ရေငုပ်သင်္ဘောများတွင် ဟိုက်ပါဆောနစ် သင်္ဘောဖျက်ခရုဇ်ဒုံးကျည်များ တပ်ဆင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း **The War Zone** သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ **Raytheon** နှင့် **Lockheed Martin** ကုမ္ပဏီသည် **Ramjet** သို့မဟုတ် **Scramjet** အင်ဂျင်များဖြင့် မောင်းနှင်ထားသည့် ဒုံးကျည်ဒီဇိုင်းများအတွက် ကာကွယ်ရေးကန်ထရိုက်သဘောတူစာချုပ်များ လက်ခံရရှိထားပြီးဖြစ်သည်။ စမ်းသပ်ပျံသန်းမှုကို ၂၀၂၇ ခုနှစ်တွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဝေဟင်မှပစ်လွှတ်နိုင်သော **HALO** ဒုံးကျည်များကိုမူ ၂၀၂၉ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုသွားနိုင်ရန် စီစဉ်ထားသည်။ သင်္ဘောပေါ်မှ တပ်ဆင်ပစ်လွှတ်နိုင်မှုမှသည် ရေပြင်နှင့် ရေအောက်မှ ပစ်လွှတ်နိုင်သော ဒုံးကျည်များထိ တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်သည်။

**HALO** အစီအစဉ်သည် အမေရိကန်ရေတပ်၏ တန်ပြန်ရေကြောင်းစစ်ဆင်ရေးထိုးစစ်လက်နက်(**Offensive Anti-Surface Warfare-OASuW**) စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထို့ထက်ပို၍ ၎င်းသည် အမေရိကန်လေတပ်၏ **Hypersonic Attack Cruise Missile (HACM)** ခရုဇ်ဒုံးကျည်ကဲ့သို့ပင် ဟိုက်ပါဆောနစ် နည်းပညာတိုးတက်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ကျယ်ပြန့်စွာဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားသည်။

အမေရိကန်လေတပ်သည် **RTX** လက်အောက်ရှိ **Raytheon** ကုမ္ပဏီနှင့် ၂၀၂၂ ခုနှစ်တွင် **Mach 5** အထက် အမြန်နှုန်းဖြင့် ပျံသန်းနိုင်သော လေရှူသွင်းနိုင်သည့် စခရင်ဂျက်စွမ်းအင်သုံး **HACM** ခရုဇ်ဒုံးကျည်ထုတ်လုပ်နိုင်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ထိုခရုဇ်ဒုံးကျည်တွင် အသုံးပြုမည့် **Scramjet** အင်ဂျင်ကို **Northrop Grumman** ကုမ္ပဏီကပံ့ပိုးပေးအပ်မည်ဖြစ်သည်။ လေတပ်သည် ၂၀၂၇ ခုနှစ်တွင် **HACM** ခရုဇ်ဒုံးကျည်ကို စတင်အသုံးပြုနိုင်ရန် မျှော်လင့်ထားသည်။

လက်ရှိတွင် ရုရှား၊ တရုတ်၊ အီရန်၊ အိန္ဒိယနှင့် နိုင်ငံအနည်းငယ်သာ အဆင့်မြင့် ဟိုက်ပါဆောနစ်ဒုံးကျည်များ တီထွင်ထုတ်လုပ်ရာတွင် ဦးဆောင်နေပြီး အမေရိကန် ကာကွယ်ရေးကန်ထရိုက်တာများသည် အသံထက်မြန်သည့် စီမံကိန်းများစွာကို လုပ်ဆောင်နေသော်လည်း ရုရှား၏ **Kinzhal၊ Zircon** သို့မဟုတ် **Avangard** ဒုံးကျည်များက ထုတ်ဖော်ပြသထားသော အမြန်နှုန်း၊ တိုက်ပွဲဝင်စွမ်းအားနှင့် တိမ်းရှောင်နိုင်စွမ်း စသည့်ဝိသေသလက္ခဏာများနှင့် ကိုက်ညီမှုရှိအောင်မလုပ်ဆောင်နိုင်သေးကြောင်း စစ်ဘက်ပညာရှင်များက ပြောကြားခဲ့ဖူးသည်။

ထို့ပြင် ရုရှားသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ၎င်း၏ ရေတပ်သုံး **Zircon** ဟိုက်ပါဆောနစ်ဒုံးကျည်ကို အသုံးပြုနေပြီဖြစ်သည်။

ကမ္ဘာ့ပထမဆုံး ရေပြင်အခြေစိုက် ဟိုက်ပါဆောနစ်ဒုံးကျည် **Zircon** သည် အမြင့် ကီလိုမီတာ ၃၀ ခန့်တွင် လေထုအတွင်းပျံသန်းကာ **Mach 8** နှင့် **9** ကြား အမြန်နှုန်းထိရှိသည့်အတွက် ကြားဖြတ်ပစ်ချရန်မဖြစ်နိုင်ပေ။ ၎င်းသည် အကွာအဝေး ကီလိုမီတာ ၄၅၀ မှ ကီလိုမီတာ ၁၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး သမားရိုးကျ သို့မဟုတ် နျူကလီးယား သို့မဟုတ် ကီလိုဂရမ် အလေးချိန် ၃၀၀ မှ ၄၀၀ ကြားရှိသော ထိပ်ဖူးကိုသယ်ဆောင်နိုင်သည်။ ရေဒီယိုလှိုင်းများကိုစုပ်ယူနိုင်သော အထူးပြုလုပ်ထားသည့် ပလာစမာအိတ်ကြောင့် ၎င်း၏ ကိုယ်ပျောက်စွမ်းရည်ကို မြင့်မားကောင်းမွန်စေကာ သင်္ဘောများနှင့် ရေငုပ်သင်္ဘောများမှ ပစ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



**US Scrambles to Develop Hypersonic Missiles to Catch Up With Russia, China ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဂျာမနီနိုင်ငံရှိ ရိုင်းမြစ်ဝှမ်းတွင် ရေပမာဏပြန်လည်မြင့်တက်လာသဖြင့် သင်္ဘောများကို ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ပြီဖြစ်



**ဘာလင် ဇွန် ၁၃**

ဂျာမနီနိုင်ငံတောင်ဘက်ပိုင်းရှိ ရိုင်းမြစ်ဝှမ်းအတွင်း ရေပမာဏ ပြန်လည် မြင့်တက်လာသဖြင့် သင်္ဘောများကို ဇွန် ၁၂ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဂျာမနီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရိုင်းမြစ်ဝှမ်းသည် မိုးခေါင်သည့်ပြဿနာကြောင့် ရေပမာဏကျဆင်းကာ သင်္ဘောကြီးများ ဖြတ်သန်းသွားလာ၍ မရသည့်အတွက် မြစ်ဝှမ်းအတွင်း သင်္ဘောများ ဖြတ်သန်းသွားလာခြင်းကို ပိတ်ပင်ထားခဲ့ကြောင်း၊ သို့သော်လည်း ဇွန်လပထမပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရိုင်းမြစ်ဝှမ်းတွင် ရေပမာဏမြင့်တက်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရိုင်းမြစ်ဝှမ်းသည် ဂျာမနီနိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် မြစ်ဝှမ်းဖြစ်ပြီး မြစ်အတွင်းသင်္ဘောများ ဖြတ်သန်းသွားလာခွင့်ကို ကာလရှည် ပိတ်ပင်ထားရမည်ဆိုပါက ဂျာမနီ၏ကုန်သွယ်မှုကိုအထိုက်အလျောက် ထိခိုက်နစ်နာလာစေနိုင်ကြောင်း၊ မိုးရွာသွန်းလာမှုကြောင့် ရေပမာဏပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေးကဏ္ဍများကို ပုံမှန်အတိုင်း ပြန်၍လည်ပတ်သွားတော့မည်ဖြစ်ကြောင်း ဂျာမနီရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရိုင်းမြစ်ဝှမ်းကို အဓိကမှီခိုနေရသည့် ဆိပ်ကမ်းများတည်ရှိရာ ဒူစဘတ်၊ ကိုလုံးနှင့် ဒူဆယ်ဒေါ့ဖ်မြို့တို့ရှိ ဆိပ်ကမ်းများတွင်လည်း ပုံမှန်အတိုင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍများကို ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် ရိုင်းမြစ်ဝှမ်းကို သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ၊ ကျောက်မီးသွေး၊ ရေနံများအပါအဝင် မော်တော်ယာဉ်သုံးဆီများ၊ တိရစ္ဆာန်အစာများနှင့် ကောက်ပဲသီးနှံများကုန်သွယ်တင်ပို့ရာတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဆိုက်ပရက်စ်နိုင်ငံ တောမီးလောင်ကျွမ်းမှု ဂရိနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့က ကူညီငြိမ်းသတ်ပေးလျက်ရှိ

**နီကိုရှား ဇွန် ၁၃**

တရားမဝင် အမှိုက်ပုံတစ်ခုမှ စတင်လောင်ကျွမ်းကြောင်း ယူဆလျက်ရှိပြီး ကူးစက်လောင်ကျွမ်းမှု ပြင်းထန်လျက်ရှိသော ဆိုက်ပရက်စ်နိုင်ငံ တောမီးလောင်ကျွမ်းမှုကို ဂရိနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့က မီးသတ်လေယာဉ်များဖြင့် ကူညီငြိမ်းသတ်ပေးလျက်ရှိကြောင်း ဆိုက်ပရက်စ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်ဟု ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

ဆိုက်ပရက်စ်နိုင်ငံ Paphos ဒေသရှိ Giolou ရွာအရှေ့ဘက် တရားမဝင် အမှိုက်ပုံတစ်ခုမှ ဇွန် ၁၁ ရက်တွင် တောမီးကူးစက်လောင်ကျွမ်းမှုစတင်ခဲ့ပြီး တောမီးကူးစက် လောင်ကျွမ်းမှုပြင်းထန်သဖြင့် ကျေးရွာငါးရွာတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ရသည်။

တောမီးကူးစက်လောင်ကျွမ်းမှု ပြင်းထန်သဖြင့် ဂျော်ဒန်နိုင်ငံတော်ဝင်ဂျော်ဒန် လေတပ်မှ လေယာဉ်နှစ်စင်းနှင့် ဂရိနိုင်ငံမှ လေယာဉ်နှစ်စင်းတို့သည် ဇွန် ၁၂ ရက်မှစတင်၍ မီးလောင်မှုပြင်းထန်သောနေရာများ၌ တောမီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိပြီး စုစုပေါင်း လေယာဉ်ခုနစ်စင်းဖြင့် တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်အများအပြား ပျက်စီးလျက်ရှိကာ ပျက်စီးမှုအတိုင်းအတာကိုမူ အတိအကျပြောဆို၍ မရသေးကြောင်း မီးသတ်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အန်ဒရီးရက်စ်ကစ်တီက ပြောကြားခဲ့ပြီး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ တုံ့ပြန်မှုလုပ်ငန်းများနှေးကွေးခြင်းကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသခံများက စွပ်စွဲလျက်ရှိသည်။

**Ref : Russia Today**

**Trs : AZH**

# ဂရိနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများနှင့် Acropolis နယ်မြေကို ယာယီပိတ်ထား

**အေသင် ဇွန် ၁၃**

ဂရိနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားပြီး အေသင်မြို့ရှိ ယူနက်စကို စာရင်းဝင် Acropolis နယ်မြေသို့ လာရောက်လည်ပတ်ခြင်းကိုလည်း ယာယီပိတ်ထားကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များဖြင့် နေ့စဉ် လူစည်ကားနေသည့် Acropolis နယ်မြေတွင် အမိုးအကာနည်းပါးသည့်အတွက် ကျန်းမာရေးလုံခြုံမှုအရ ယာယီပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုအပြင် လေပူများတိုက်ကာ လေထုအတွင်း ဖုန်မှုန့်၊ သဲမှုန့်များ ရောနှောပါဝင်နေ၍ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ စာသင်ကျောင်းတွင် လူများနေ၍ အပူချိန် မြင့်တက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်သဖြင့် စာသင်ကျောင်းများကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အခြေခံမူလတန်းနှင့် မူကြိုတန်းများကို ဇွန် ၁၅ ရက်ထိ ယာယီပိတ်သွားမည်ဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှု အခြေအနေပေါ်မူတည်၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းကို ဆုံးဖြတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားလာမည်ကိုစိုးရိမ်သည့်အတွက် ဂရိအာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင်များကို တောမီးလောင်ကျွမ်းမှုဖြစ်ပွားလာပါက အချိန်မီငြိမ်းသတ်နိုင်ရေး အသင့်ပြင်ဆင်ထားရန် ညွှန်ကြားထားသကဲ့သို့ မီးမပေါ့ဆရေးအတွက် ကြပ်မတ်ရန်လည်း ရဲတပ်ဖွဲ့ဝင်များကို ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်တွင် လူသားများကို အဆိပ်သင့်စေသောဓာတ်ငွေ့များ လေထုအတွင်းပျံ့နှံ့နေမှု စစ်ဆေးတွေ့ရှိ

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်အတွင်း လူသားများကို အဆိပ်သင့်စေသော Ethylene Oxide (EtO) ဓာတ်ငွေ့များ လေထုအတွင်းပျံ့နှံ့နေမှုကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း (EPA) မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Ethylene Oxide (EtO) ဓာတ်ငွေ့များပျံ့နှံ့မှုသည် လူဝီစီယားနားပြည်နယ် အရှေ့တောင်ဘက်ပိုင်းတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဓာတ်ငွေ့များပျံ့နှံ့မှုနှုန်းမှာလည်း သိပ်သည်းဆမြင့်မားကြောင်း၊ သုတေသီများက အဆိပ်သင့်ဓာတ်ငွေ့များ ပျံ့နှံ့နေမှုပမာဏသည် ထင်ထားသည်ထက် ပိုမိုများပြားနေသဖြင့် ဒေသခံများအတွက် အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း EPA မှ သုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"လူဝီစီယားနားပြည်နယ် အရှေ့တောင်ဘက်ပိုင်း ဧရိယာတွေမှာ Ethylene Oxide (EtO)ဓာတ်ငွေ့ပျံ့နှံ့မှုတွေ ဖြစ်ပေါ်နေတယ်ဆိုတာကို ကြိုတင်မှန်းဆပြီးသားပါ။ ဒါပေမဲ့လဲ ဒီလောက်ထိပမာဏများလိမ့်မယ်လို့ လုံးဝထင်မထားပါဘူး။ ပျံ့နှံ့နေတဲ့ပမာဏဟာ လုံးဝကိုထင်မှတ်မထားလောက်တဲ့ ပမာဏတစ်ရပ်ဖြစ်ပါတယ်။ EPA အနေနဲ့လဲ Ethylene Oxide (EtO) ဓာတ်ငွေ့ပျံ့နှံ့မှုတွေကို စစ်တမ်းမကောက်ခင်ကတည်းက ကြိုတင်ခန့်မှန်းချက်ပမာဏတွေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့လဲ အမှန်တကယ် ပျံ့နှံ့နေတဲ့ပမာဏက ထိတ်လန့်ဖွယ်ကောင်းတဲ့ပမာဏဖြစ်နေတယ်"ဟု EPA မှ သုတေသီ ပီတာဒီကာလိုက ပြောကြားခဲ့သည်။

အဆိုပါဓာတ်ငွေ့များမှာ ရေနံဓာတုပစ္စည်းထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လွှတ်သောဓာတ်ငွေ့များကြောင့်ဖြစ်ပြီး လူသားတို့ကျန်းမာရေးလုံခြုံမှုအတွက် လေထုသန့်စင်ရေးလုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်သင့်ကြောင်းလည်း EPA က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# တရုတ်အစိုးရက မိုးခေါင်ရေရှားမှုဒဏ်ဖြင့် ရင်ဆိုင်နေရသောပြည်နယ်များသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထား

**ပေကျင်း ဇွန် ၁၃**

မိုးခေါင်ရေရှားမှုဒဏ်ဖြင့်ရင်ဆိုင်နေရသော တရုတ်နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ရှန်ဒေါင်းနှင့် ဟီနန်ပြည်နယ်တို့တွင် အရေးပေါ်ကယ်ဆယ်ရေး အကူအညီများ ဆောင်ရွက်ရန် တရုတ်အစိုးရက ဇွန် ၁၂ ရက်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီး အဆိုပါဒေသရှိ လူဦးရေ သန်း ၃၀၀ ခန့်သည် ဆိုးရွားစွာမိုးခေါင်မှုဒဏ်ကိုခံစားနေရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၁၂ ရက်တွင် သတင်းများအရ သိရသည်။

တရုတ်အစိုးရအနေဖြင့် အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန အစည်းအဝေးကို ဇွန် ၁၂ ရက်က ကျင်းပခဲ့ပြီး အဆိုပါဒေသများတွင် သီးနှံများအတွက် ရေနှင့် လူနေအိမ်များအတွက် ရေလုံလောက်မှုရှိစေရန်၊ မိုးခေါင်ရေရှားမှုကို စောင့်ကြည့်လေ့လာသုံးသပ်မှုများ တိုးမြှင့်လုပ်ဆောင်ရန်နှင့် အရေးပေါ်သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးနိုင်ရန် ဒေသဆိုင်ရာအစိုးရများကို အလေးပေးတိုက်တွန်းထားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ အစိုးရအနေဖြင့် မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော ဒေသများသို့ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကိုလည်း အစည်းအဝေးကျင်းပပြီး ၂၄ နာရီအတွင်းစေလွှတ်ခဲ့ကာ မိုးခေါင်ရေရှားမှုအခြေအနေကို အမြဲမပြတ် စောင့်ကြည့်ရန်နှင့် အဆင့်လေးဆင့်ပါဝင်သော အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်တစ်ခုကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း အပူချိန်လွန်ကဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကာ အချို့ဒေသများတွင် မိုးရေချိန်မှာ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းလျက်ရှိကြောင်း အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက ပြောကြားထားပြီး တရုတ်မိုးလေဝသဌာနကလည်း မိုးခေါင်ရေရှားမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ခန့်မှန်းထားသည်။

**Ref : Xinhua News**

**Trs : AZH**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး ဒေါက်တာ မိုဟာမက်မွန်(န)ဝါဟူစိန်အား လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဇွန် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက်မွန်(န)ဝါဟူစိန်အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်တွင် ၁၀လမ်း(၆၂လမ်း မှ အရှေ့မြို့ပတ်လမ်း)ကြားထိ မူလလမ်းသားအကျယ်ပေ ၂၀ ကို ဘေးချဲ့ ၁၄ ပေ အခြေခံလွှာပြုပြင်ခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် ၆၂ လမ်း၊ ၃၅ လမ်းနှင့် သိပ္ပံလမ်းကြား ဝဲယာပလက်ဖောင်းနှင့် မနော်ရမ္မံရှေ့ လူသွားလမ်းကျယ် ပြုလုပ်နေမှုများကိုလည်းကောင်း၊ သိပ္ပံလမ်း၊ ၆၈လမ်းနှင့် ၇၃ လမ်းကြား ရေစီးရေလာကောင်းမွန်ရေးမြောင်းဆယ်ဆောင်ရွက်နေမှု၊ မြောင်းနှင့် ခြံစည်းရိုးကြား အလှပန်းပင်များ စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ မနော်ဟရီလမ်း ၁၁၀၊ ၆၂ လမ်းနှင့် ၇၃ လမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုရာ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မြို့တော်နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ၊ ချောင်းသွယ်၊ မြောင်းသွယ်များ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းများကို စီမံချက်များချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရောဝတီမြစ်ကမ်းနားလမ်းချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်း မန္တလေးဆိပ်ကမ်း သာယာလှပရေးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေသည့် ၃၅ လမ်းနှင့် မရမ်းခြံဆိပ်လုပ်ငန်းခွင်သို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ဈေးဆောက်လုပ်မည့်နေရာသို့လည်းကောင်းရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြို့တော်ဝန်၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်ရာ ၎င်းတို့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးက စားသောက်ကုန်များကိုပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ လွှန်းပြန်အလွတ်ကူးဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီး မီတာ ၂၀၀ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်းနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အမျိုးသား မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ ၂၀၀ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီး မီတာ ၂၀၀ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆု ရရှိကြသူများကို ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလား ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဇွန် ၁၂ ရက်မှ ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေး ပြုလုပ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဖူးမြော်ကြည်ညိုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၁၃**

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) တို့က နှုတ်ခွန်းဆက်စကားများ အသီးသီး ပြောကြားကြသည်။



မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေး ကျင်းပစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြသည်။ ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းကြသည်။ ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် အမှတ်တရပစ္စည်းများအပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးသို့တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် သူရဲကောင်းဗိမာန်နှင့် ကျောက်မျက်ရတနာပြခန်းတို့ကို လေ့လာခဲ့ကြသည်။ ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)

# ၂၀၂၄ ခုနှစ် အကြိမ်(၃၀)မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၄ ခုနှစ် အကြိမ်(၃၀)မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၃**

၂၀၂၄ ခုနှစ် အကြိမ်(၃၀)မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးတင်လတ် တက်ရောက် အမှာစကားပြောကြားပြီး တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ဆက်လက်ပြုလုပ်ရာ တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးတင်လတ်နှင့် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၁၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် ဇွန် ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး၊ ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် **"အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP)"** ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ **PFP** အစီအစဉ်သည် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် **Short Code** နံပါတ် **"1111"** မှတစ်ဆင့် **SMS** ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် **SMS** များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်း တစ်နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း တစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့် စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအတိုး၊အရင်းများကို ၂၀၂၄ ခုနှစ်ဇူလိုင် ၁ ရက်မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ဆီဆိုင်မြို့နယ်အတွင်း ဒေသခံဦးရေ ၆၀ နီးပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကြောင့် ယာယီတိမ်းရှောင်နေရာမှ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ထီဗွာကျေးရွာမှ ဒေသခံပြည်သူ ၅၉ဦးကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ကျေးရွာခန်းမအတွင်း၌ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားဖွယ် သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေလျက်ရှိရာ အဆိုပါဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ဒေသခံတိုင်းရင်းသားများပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေအိမ်များ မီးလောင်ပျက်စီးပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့် ဆီဆိုင်မြို့နယ်မှ ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက တစ်ဆင့်သတင်းတု၊ သတင်းမှားများလုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငြင်းလို့မရတဲ့ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှု

**မင်းခန့်**


ယခုတလော ဘင်္ဂါလီလူမျိုးတွေကို သတ်ဖြတ်မှု၊ ဘင်္ဂါလီကျေးရွာတွေကို မီးရှို့ဖျက်ဆီးမှုများကြောင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ စောင့်ကြည့်အရေးယူခံနေရတဲ့ AA အဖွဲ့ဟာ မူးယစ်ဆေးဝါးကုန်သွယ်မှု အကြီးအကျယ်ပြုလုပ်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်ကစတင်ပြီး KIA နယ်မြေမှာစတင်ပေါ်ပေါက်ခဲ့တဲ့ AA အဖွဲ့ဟာ သူတို့အဖွဲ့ရပ်တည်နိုင်ရေးအတွက် သူ့ဆရာ KIA အပါအဝင် UWSA၊ MNDAA၊ TNLA တို့ လမ်းစဉ်အတိုင်း ဘဏ္ဍာငွေကြေးရရှိဖို့ မူးယစ်ဆေးဝါးနဲ့ အဓိကဝင်ငွေရှာဖွေခဲ့ပါတယ်။ AA အဖွဲ့ဟာ စတင်ဖွဲ့စည်းစဉ်ကတည်းက ယခုအချိန်ထိ ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းများမရှိသလို ရခိုင်ပြည်သူများထံမှ ဆက်ကြေးငွေ လုံလုံလောက်လောက်မရရှိလို့ ရိက္ခာ၊ လက်နက်၊ ခဲယမ်းဝယ်ယူနိုင်ရေး မူးယစ်ဆေးဝါးကုန်သွယ်မှုကနေရရှိတဲ့ဝင်ငွေကို အဓိကအားထားနေရပါတယ်။

AA အဖွဲ့ဟာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူများရဲ့ လမ်းစဉ်အတိုင်း မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို ပင်မစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ပြီး သူတို့အဖွဲ့ ရှင်သန်ရပ်တည်ရေးအတွက် မူးယစ်ဆေးဝါးများကို ပြည်တွင်းမှာ ဖြန့်ဖြူးခြင်းသာမက ပြည်ပနိုင်ငံများကိုပါ တင်ပို့ရောင်းဝယ်ဖောက်ကားလျက်ရှိပါတယ်။ ဒါကြောင့်လည်း မကြာခဏ ဖမ်းဆီးရမိနေတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှာ AA တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပတ်သက်မှုများကို မြင်တွေ့ကြားသိနေရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ်လအထိ AA အဖွဲ့နဲ့ ဆက်စပ်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၉ ကြိမ်ရှိခဲ့ပြီး မူးယစ်ဆေးဝါးကာလတန်ဖိုး ၂၉၄ ဒသမ ၈၂ ဘီလီယံကျပ် (ဒေါ်လာသန်း ၁၄၀၀ ကျော်) ရှိခဲ့ကြောင်း သိရှိရပါတယ်။ အဲ့ဒီလို ဖမ်းဆီးရရှိမှုတွေထဲက သိသာထင်ရှားပြီး ငြင်းလို့မရတဲ့ ဖြစ်စဉ်တစ်ခုကို ဥပမာပေးရရင်တော့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၉ ရက်နေ့အတွင်းက မြန်မာကျပ်ငွေ ၅၁ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်) တန်ဖိုးရှိတဲ့ အိုက်စ် ၂ ဒသမ ၀၇ တန် အပါအဝင် ကဖင်း ၈၀၀ ကီလိုဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်မှာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စေခိုင်းချက်အရ သူ့ရဲ့လူယုံတော်၊ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) မောင်နိုင် (ခ) သားသား (ခ) ဝေသာထွန်းရဲ့ စီစဉ်ကြိုးကိုင်မှုနဲ့ AA တပ်ဖွဲ့ဝင် အရာရှိ (၄) ဦး၊ အခြားအဆင့် (၃) ဦး၊ အရပ်သား (၈) ဦး ပါဝင်တဲ့ မူးယစ်ဆေးဝါးသယ်ဆောင်တဲ့ ဂိုဏ်းတစ်ခုကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပါတယ်။

**AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဖြစ်ပေမယ့် ရခိုင်လူမျိုးတိုင်းကလက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့အဖွဲ့မဟုတ်ပါဘူး။ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကို ချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ ကိုယ်ကျိုးရှာရခိုင်လူမျိုးတစ်စုက ဦးဆောင်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် မူးယစ်ဆေးကုန်သွယ်မှုကို အကြီးအကျယ်လုပ်နေတဲ့ အဖွဲ့သာဖြစ်ပါတယ်။**




ဖမ်းဆီးရမိတဲ့ AA တပ်ဖွဲ့ဝင်များကို စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်ထဲက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထုတ်လုပ်တဲ့ အိုက်စ်နဲ့ စိတ်ကြွဆေးပြားများကို AA အဖွဲ့က မန္တလေး၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ကားလမ်း၊ ရေလမ်းမှ သယ်ယူပို့ဆောင်ပြီး ရခိုင်ပြည်နယ်အတွင်းနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်များသို့ ဖြန့်ဖြူးခြင်း၊ ရခိုင်ပင်လယ်ပြင်မှတစ်ဆင့် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ ပို့ဆောင်ပြီး အဲ့ဒီနိုင်ငံတွေမှတစ်ဆင့် အခြားပြည်ပဈေးကွက်များသို့ အဓိကထားတင်ပို့ခြင်းများကို လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

AA မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းမှာ တာဝန်ပေးအပ်ခံရသူများဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူယုံများဖြစ်ပြီး KIA နယ်မြေ လိုင်ဇာမှာရှိတဲ့ AA ဌာနချုပ်မှာ တာဝန်ထမ်းဆောင်နေသူများ အများစုဖြစ်ကြောင်း၊ အဖမ်းခံရသူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်ရခြင်းဖြစ်ပြီး အခြား AA အဖွဲ့ဝင်များထက် လစာနှင့် အခွင့်အရေးများကို ပိုမိုရရှိကြောင်း၊ ပို့ဆောင်သူ၊ သယ်ဆောင်သူ၊ ရောင်းချသူများကို အကန့်စနစ်ဖြင့် လုပ်ဆောင်ထားပြီး မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စီမံခန့်ခွဲမှုဖြင့် အသုံးပြုရကြောင်း၊ လက်နက်မှောင်ခိုဂိုဏ်းများနဲ့ ချိတ်ဆက်ပြီး လက်နက်နဲ့ စိတ်ကြွဆေးပြား အလဲအလှယ်ပြုလုပ်လေ့ရှိကြောင်း၊ မူးယစ်



၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း AA တပ်ဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ

ဆေးဝါးမှရရှိတဲ့ ဝင်ငွေ ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်လေ့ရှိကြောင်း သိရှိရပါတယ်။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးဈေးကွက်ဟာ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် အမေရိကန်အပါအဝင် ဥရောပနိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံများအထိ နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းများနဲ့ ချိတ်ဆက်ထားပါတယ်။ အဓိကတင်ပို့ရာလမ်းကြောင်းကတော့ မြန်မာပြည်မြောက်ပိုင်းနဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားတဲ့ နယ်မြေတွေကနေ ထွက်ရှိတဲ့ စိတ်ကြွဆေးပြားများနဲ့ အိုက်စ်တွေကို မန္တလေးမှတစ်ဆင့် ရေလမ်းကြောင်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရန်အတွက် ရန်ကုန်ဆိပ်ကမ်းများအသုံးပြုပြီး ရခိုင်ကမ်းရိုးတန်းပင်လယ်ပြင်မှတစ်ဆင့် မလေးရှား၊ အင်ဒိုနီးရှားတို့သို့ တင်ပို့ပါသည်။ ကုန်းလမ်းကြောင်းကိုတော့ မန္တလေးမှတစ်ဆင့် မိတ္ထီလာ၊ ပျော်ဘွယ်၊ မကွေး၊ ပဒါန်းလမ်းအတိုင်း ကျောက်တော်၊ မြောက်ဦးမြို့တို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ တင်ပို့လျက်ရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်မူးယစ်ဆေးဝါးထိန်းချုပ်ရေးဦးစီးဌာန (Department of Narcotics Control-DNC) မှတ်တမ်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိတ်ကြွဆေးပြားသုံးစွဲသူ ၈ သန်းခန့်ရှိပြီး လွန်ခဲ့တဲ့သုံးနှစ်အတွင်း နှစ်စဉ် Yaba စိတ်ကြွဆေးပြားဖမ်းဆီးရမိမှု ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံစာရင်းတွင် ပါဝင်နေကြောင်း၊ နှစ်စဉ်နှစ်တိုင်း DNC အဖွဲ့က Yaba စိတ်ကြွဆေးပြား သန်း ၅၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားများဟာ AA အဖွဲ့ ထိန်းချုပ်နယ်မြေများမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဖမ်းဆီးရမိမှုများ၏နောက်ကွယ်တွင် AA တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပတ်သက်မှုရှိကြောင်း DNC အဖွဲ့ရဲ့ ၂၀၂၁ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြထားရှိပါတယ်။

AA အဖွဲ့ စတင်ပေါ်ပေါက်လာပြီး နောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း Yaba စိတ်ကြွဆေးပြားများ သိသိသာသာပေါများလာပြီး ရခိုင်လူငယ်များသာမက ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဘင်္ဂါလီဒုက္ခသည်စခန်းများမှာလည်း စိတ်ကြွဆေးပြားသုံးစွဲသူတွေ များပြားလာခဲ့ပါတယ်။ အထူးသဖြင့် အချို့တိုက်ပွဲများအတွင်း သေဆုံးသူ AA တပ်ဖွဲ့ဝင်များဟာ စိတ်ကြွဆေးပြားသုံးစွဲထားတဲ့ အထောက်အထားများစွာရှိနေပြီး AA တပ်ဖွဲ့ဝင်များကို မူးယစ်ဆေးဝါးတိုက်ကျွေးပြီး တိုက်ပွဲဝင်ခိုင်းတဲ့ သတင်းများလည်း ထွက်ပေါ်လျက်ရှိပါတယ်။

**AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဖြစ်ပေမယ့် ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့** **စာမျက်နှာ ၂၂ သို့**

# ကေလာသတောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၂၀၆ ဧကရှိသောနယ်မြေကို **"ကေလာသတောင် ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၄)အရ ၁၃၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ရက်(၂၀၂၄ခုနှစ် ဇွန် ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝမှုကို ထိန်းသိမ်းရန်၊ တားမြစ်သစ်ပင်များနှင့်အခြားသစ်မျိုးများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိမ့်စမ်းရေထွက်များကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း၊ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ကေလာသတောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် တန်ဖိုးရှိသစ်မျိုးများဖြစ်သည့် အင်ကြင်း၊ပျဉ်းကတိုး၊ထောက်ကြံ့၊ ပိတောက်၊ တမလန်းပင်များနှင့် အခြားဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ယမနေ၊ ဒဟတ်၊ မျောက်ချော၊ သပြေ စသည့်တို့ကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရှားပါးမျိုးစိတ်ဖြစ်သော မျောက်ညိုနှင့်နေထိုင်ကျက်စားလျက်ရှိသော ချေ၊ ဆတ်၊ ဝက်၊ မျောက်နီ၊ တောကြောင်၊ တောကြက်၊ ဒေါင်းနှင့်ငှက်အမျိုးမျိုး စသည့် တောရိုင်းတိရစ္ဆာန်များကိုထိန်းသိမ်းနိုင်ခြင်း၊ အဆိုပါတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာမည်ဖြစ်ခြင်းနှင့် မြို့ကြီးတောရကျောင်းရှိ သာသနာပြုရဟန်း၊ သံဃာများနှင့် မြို့ကြီးကျေးရွာများအတွက် အသုံးပြုသည့် ရေထွက်ဧရိယာကို ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**စာမျက်နှာ ၂၁ မှအဆက်**

**အဖွဲ့ မဟုတ်ပါဘူး။ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကို ချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ ကိုယ်ကျိုးရှာရခိုင်လူမျိုးတစ်စုက ဦးဆောင်ပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် မူးယစ်ဆေးကုန်သွယ်မှုကို အကြီးအကျယ်လုပ်နေတဲ့ အဖွဲ့သာဖြစ်ပါတယ်။**

လူမျိုးရေးအစွန်းရောက်စိတ်နဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းများကြောင့် AA အဖွဲ့ဟာ အင်အားကြီးထွားလာပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေကို သတ်ဖြတ်မှုများ၊ အနိုင်ကျင့်နှိပ်စက်တဲ့လုပ်ရပ်များကို ပေါ်ပေါ်တင်တင် လုပ်ဆောင်လာတာ တွေ့ရှိရပါတယ်။

ယခင်က ရခိုင်နဲ့ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားလေ့ရှိတဲ့ ပဋိပက္ခတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေနဲ့အညီ ထိန်းညှိပေးထားပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းအောင် ပြုလုပ်ပေးထားနိုင်ပေမယ့် လုံခြုံရေးတပ်ဖွဲ့ဝင်များမရှိတဲ့နောက်မှာ ဒေသခံများအပေါ် AA အဖွဲ့ရဲ့ တရားဥပဒေမဲ့ ပြုကျင့်မှုများဟာ ထင်ရှားစွာပေါ်ထွက်လာပြီး နိုင်ငံတကာက AA အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုများကို သတိပြုမိလာပြီဖြစ်ပါတယ်။

အမှန်စင်စစ် ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင် မောင်တောဒေသက ဘင်္ဂါလီလူမျိုးတွေကိုသတ်ဖြတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုတွေကို လုပ်ဆောင်လာလို့ ကမ္ဘာ့နိုင်ငံများက အာရုံစိုက်ခံနေရတဲ့ အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ဘဏ္ဍာငွေရှာဖွေပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လုပ်နေတဲ့အဖွဲ့ဖြစ်လို့ လူသားမျိုးနွယ်တစ်ခုလုံးအတွက်ပါ အန္တရာယ်ရှိတဲ့ မူးယစ်ရာဇာများဖြစ်ကြောင်း နိုင်ငံတကာကသိရှိအောင် မီးမောင်းထိုးပြခြင်းဖြစ်ပါတယ်။


**AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းဟာ လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားများ ခိုင်ခိုင်မာမာရှိလို့ ငြင်းလို့မရသလို မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချမှုကို အဓိကပင်မဝင်ငွေရရှိရေးလုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်လို့ AA အဖွဲ့ကို အားပေးအားမြှောက်မပြုလုပ်ကြရန် နိုင်ငံတကာကို တိုက်တွန်းအသိပေးလိုပါတယ်။**

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်လုပ်ဆောင်နေသလို AA အဖွဲ့ရဲ့မူးယစ်ကုန်သွယ်မှုလမ်းကြောင်းများကိုပိတ်ဆို့ပြီး မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ဖမ်းဆီးရမိရေး အလေးထားလုပ်ဆောင်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့ တရားခံများရဲ့ထွက်ဆိုချက်၊ သက်သေအထောက်အထားများအရ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများဟာ ငြင်းလို့မရနိုင်ဘဲ နိုင်ငံတကာမှာရှိတဲ့ မူးယစ်ရာဇာများ၊ တရားမဝင်လက်နက်မှောင်ခိုဂိုဏ်းများ၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများနှင့် ပတ်သက်ဆက်နွယ်မှုများရှိနေကြောင်း ဖော်ထုတ်ရေးသားလိုက်ရပါတယ်။ ။

**AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းဟာ လူသက်သေ၊ ပစ္စည်းသက်သေ အထောက်အထားများခိုင်ခိုင်မာမာရှိလို့ ငြင်းလို့မရသလို မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချမှုကို အဓိကပင်မဝင်ငွေရရှိရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်လို့ AA အဖွဲ့ကို အားပေးအားမြှောက်မပြုလုပ်ကြရန် နိုင်ငံတကာကို တိုက်တွန်းအသိပေးလိုပါတယ်။**

# သာလှရဲ့ မင်္ဂလာဦးည

ယဉ်အောင်ဟိန်း



(၁)

"အရီးလေးမြညွန့် အရီးလေးမြညွန့်"

"ဘာလဲဟဲ့ ညိုမ"

"မနက်ဖြန် ရွာတောင်ပိုင်းက သာလှကြီးနဲ့ထွေးခင်တို့ရဲ့ မင်္ဂလာဆောင် လာဖိတ်တာ"

ညိုမလက်ထဲပါလာတဲ့ ဆွဲခြင်းကြီးထဲက သနပ်ဖက်ဆေးလိပ်အတုတ်ကြီးတစ်လိပ်ကို ထုတ်ပေးလိုက်တယ်။

"အမယ် သာလှတို့က တယ်ဟုတ်ပါလား။ အထူးရှယ်ဆေးလိပ်နဲ့တောင်ဖိတ်လို့"

"ဟုတ်တယ် အရီးလေးမြညွန့်ရေ။ အပျိုဖိတ်လဲ လက်ကိုင်ပဝါနဲ့ဖိတ်တာ"

ဘယ်ကုမ္ပဏီပိုင်ရှင်၊ ဘယ်ဟိုတယ်ပိုင်ရှင်၊ ဘယ်ဒေါက်တာ၊ ဘယ်အင်ဂျင်နီယာ၊ ဘယ်အရာရှိတို့ရဲ့ တူ၊ တူမ၊ ညီ၊ ညီမဆိုတဲ့ နှစ်ဖက်ဆွေစဉ်မျိုးဆက် အပြိုင်အဆိုင်ထုတ်ဖော်ကြွားဝါထားတဲ့ ရွှေရောင်၊ ငွေရောင် ကျပ် ၅၀၀၀ တန်၊ ၁၀၀၀၀ တန် ဖိတ်စာတွေမလိုတဲ့ ရိုးရှင်းတဲ့ ဟိုတုန်းက အညာတောရွာခလေ့ မင်္ဂလာဆောင်တွေရဲ့ ဆေးလိပ်ဖိတ်စာပါပဲ။ ဆေးလိပ်နဲ့တောင် မဖိတ်နိုင်တဲ့ မင်္ဂလာဆောင်တွေကျတော့ "မနက်ဖြန် မနက် မောင်ဘယ်သူနဲ့ မဘယ်သူတို့ မင်္ဂလာဆောင်နှင်းမည်ဖြစ်ပါသောကြောင့် မင်္ဂလာမဏ္ဍပ်ရှိရာ သတို့သမီးအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားပါတယ်ဗျို့" ဆိုပြီး ဖိတ်ကြတယ်။ ဒါပေမဲ့ အများစုကတော့ ဆေးလိပ်နဲ့ဖိတ်ကြတာများပါတယ်။ လက်ဖွဲ့ငွေလက်ခံတဲ့နေရာမှာလဲ ယပ်တောင်ပြန်မကမ်းပါဘူး။ ဆေးလိပ်ပဲ ပြန်ကမ်းကြပါတယ်။ ငွေကျပ် ၁၀ လက်ဖွဲ့ရင် ဆေးလိပ်တစ်လိပ်။ ငွေကျပ် ၂၀ လက်ဖွဲ့ရင် ဆေးလိပ် နှစ်လိပ်။ ဒီလိုပြန်ကမ်းကြပါတယ်။

"လူပျိုကြီးသာလှ ဒီနှစ်တော့စွံသွားပြီပေါ့"

"သာလှနဲ့ ထွေးခင်တို့က ကြိုက်နေကြတာကြာပြီ အရီးလေးရဲ့။ မိဘတွေဖွင့်မပြောရဲ့လို့ကြာနေတာ"

သာလှနဲ့ထွေးခင်တို့က သာလှ ကိုရင်ကြီးလူထွက်ပြီးစကတည်းက သမီးရည်းစားဖြစ်လာကြတာ။ အခု သာလှတောင် အသက် ၃၀ တင်းတင်းပြည့်လို့ လူပျိုကြီးဖြစ်နေပြီ။ ချစ်ခဲ့ကြတာ ဒီလောက်နှစ်တွေကြာလာပေမဲ့ ချစ်သူနှစ်ဦး သမီးရည်းစားဘဝ နှစ်ကိုယ်ကြားလွတ်လွတ်လပ်လပ်ချိန်းတွေ့ခွင့် တစ်ခါတလေမှ မရကြပါဘူး။ ထွေးခင်မိဘတွေက စည်းကမ်းအလွန်ကြီးတယ်။ ထွေးခင်ကို ဗိုင်းကောင်ကျောက်ဖိအုပ်ချုပ်တယ်။ သာလှအဖို့ ထွေးခင်ကို ရေခပ်လမ်းမှာ၊ အလှူအိမ်မှာ၊ ဘုရားပွဲ၊ ကျောင်းပွဲတွေမှာပဲ ခဏတဖြုတ်တွေ့ခွင့်၊ မြင်ခွင့်ရတယ်။ ချစ်စကားပြောခွင့်ရတယ်။

"ထွေးခင်ရယ် နင့်မျက်နှာလေး တစ်နေ့တစ်ခါမြင်ရဖို့ ခဲယဉ်းလိုက်တာဟာ"

"ထွေးခင်လဲ တွေ့ချင်တာပေါ့ ကိုရင်သာလှရယ်။ လွတ်မှမလွတ်လပ်တာကို"

မျက်လွှာလေးချ ရှက်သွေးဖြာနေတဲ့ ထွေးခင် မျက်နှာလေးကိုကြည့်ပြီး သာလှ ရင်ခုန်မြန်လာတယ်။ ထွေးခင်ကိုယ်လေးကို ပြေးပွေ့သိမ်းကျုံးဖက်ထားချင်နေတယ်။ ဒါပေမဲ့ ထွေးခင်မျက်နှာလေးမြင်ရဖို့၊ အသံလေးကြားရဖို့တောင်မလွယ်တဲ့အဖြစ်ပါ။ အခုလို ထွေးခင်ကို ခဏတာတွေ့လိုက်၊ မြင်လိုက်၊ စကားပြောလိုက်ရရင်ကိုပဲ သာလှအတွက်တော့ လောကကြီးတစ်ခုလုံး အရာရာသာယာလှပကြည်နူးစရာအတိဖြစ်တဲ့နေ့ပါ။ ဒါကြောင့်လဲ ရှေးလူကြီးတွေက သမီးရည်းစားဘဝ ခဏတာချစ်ရတာ လင်မယားဘဝ လင်မယားချစ် တစ်သက်လိုက်မမီဘူးလို့ ခိုင်းနှိုင်းကြတာနဲ့တူပါရဲ့။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တစ်ကမ္ဘာထင်တယ်ဆိုတာ ဒီလိုချစ်ကြရသူတွေရဲ့ရင်ထဲက မချိတင်ကဲ အားမလိုအားမရထွက်လာတဲ့ စကားသံတွေဖြစ်မယ်ထင်ပါရဲ့လို့ သာလှတွေးနေမိတယ်။

(၂)

"အမေ သမီးကို ကိုရင်သာလှကြီးက လက်ထပ်ဖို့ ခွင့်တောင်းနေတယ် အမေ"

"အင်း သာလှနဲ့သာဆိုရင် အမေကတော့ သဘောတူတယ်။ ညည်းအဖေကို အမေပြောကြည့်အုံးမယ်"

ထွေးခင် သူ့အမေကို မရဲတရဲခွင့်တောင်းလိုက်တော့ သူ့အမေကတစ်ဆင့် အဖေ၊ အစ်ကို၊ မောင်တွေကို အသိပေးတယ်။ အားလုံးကလဲ သာလှကို သဘောတူကြည်ဖြူကြတယ်။ မင်္ဂလာပွဲကျင်းပဖို့ စေ့စပ်ကြောင်းလမ်းရက်ကောင်းရက်မြတ်ရွေးကြတယ်။ သာလှတို့ အညာတောရွာဓလေ့ စေ့စပ်ကြောင်းလမ်းကြတာလဲ စိန်၊ ရွှေ၊ ငွေ၊ တိုက်တာ၊ ကားတွေ တင်တောင်းတယ်ဆိုတဲ့ မြို့ကြီးက လူကုံထံတွေ မနေအင်အားပြိုင်ဆိုင်တာမျိုးမရှိပါဘူး။ တောရွာသဘာဝ ထုံးစံရှိတဲ့အတိုင်းတောင် မတတ်နိုင်၊ မတင်နိုင်လို့ လယ်လက်တစ်ဝါး၊ နွားတစ်မြီး မပါချင်နေ မျိုးရိုးအကျင့်စာရိတ္တကောင်းရင် သဘောတူကြည်ဖြူကြတာ များပါတယ်။ သမီးကို အရောင်းအဝယ်ဆန်ဆန် ဈေးကွက်တင်သလို မလုပ်ကြဘူး။ ဝန်နဲ့အား လေးနဲ့မြားပဲဖြစ်စေချင်ကြတာများတယ်။ ကိုယ့်သမီးကို သေတစ်ပန် သက်တစ်ဆုံး ရိုးမြေကျ သားမှတ်မှတ် မယားမှတ်မှတ် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာပေါင်းသင်းမဲ့ သမက်လောင်းဖြစ်ဖို့ပဲ ရွေးရှုကြတယ်။

(၃)

ဟိုတုန်းက အညာတောရွာတွေမှာ မင်္ဂလာညှဉ့်ခံ အကျွေးအမွေးက ပေါင်မုန့်ထန်းလျက်ရည်ဆမ်း ဒါမှမဟုတ် မုန့်ဟင်းခါး တစ်ခုခုကျွေးကြတယ်။ လက်ဖက်၊ ပဲကြော်၊ ကွမ်း၊ ဆေးလိပ်တွေကတော့ မင်္ဂလာပွဲမတိုင်ခင်ကတည်းက ညှဉ့်ခံတယ်။ သာလှတို့မင်္ဂလာဆောင်ကတော့ မုန့်ဟင်းခါးကျွေးမှာဖြစ်တဲ့အတွက် သာလှတို့အိမ်မှာ အမဲသားတွေကို တောက်တောက်စဉ်း မိုးပြဒယ်ကြီးတွေနဲ့ဆီသတ်နေတာ အငွေ့တထောင်းထောင်းထ မွှေးကြိုင်နေတယ်။ အညာမှာ မင်္ဂလာဆောင်မုန့်ဟင်းခါးကျွေးရင် ကုလားပဲမှုန့်ကို အမဲသားနဲ့ဟင်းရည်ချက်ကြတာများတယ်။

အချက်အပြုတ်တာဝန်ကျတဲ့ ကာလသားတစ်စု အဲဒီညက သာလှတို့အိမ်မှာ လုပ်ကြကိုင်ကြရင်း ကိုရင်လူထွက်လာတာမကြာသေးတဲ့ မနူးမနပ်မလည်မဝယ် လူပျိုပေါက် သာအေးကြီးကိုဝိုင်းနောက်ပြီး ရယ်အူပေါက်နေတယ်။

"သာအေး မင်းစိတ်ကူးမလွဲနဲ့နော်။ ဖူးမကြီးက မင်းကိုစောင့်နေတာကြာပြီ။ ကိုသာအေး ကိုရင်လူထွက်လာရင် ပြောပေးပါလို့ တို့ကာလသားတွေကိုမှာထားတာ။ မပြောမရှိနဲ့ကိုယ့်လူ မင်းဒီဘဝစွံမှာမဟုတ်တဲ့အတူတူ လက်နှေးမနေနဲ့ ဖူးမကို ယူလိုက်ကွာ"

"ဖူးမ ယူမဲ့အစား ကိုယ့်ခြေမကို နွားမြီးကွင်းနဲ့ကြိုးဆွဲချသေမယ်ဗျာ"

"ဝါး ဟား ဟား"

သာအေးအပြောကြောင့် အားလုံးဝါးခနဲ ပွဲကျသွားတယ်။ ဖူးမက အသားကမည်း၊ ရုပ်ကဆိုး၊ လေဖြတ်ထားလို့ နှုတ်ခမ်းတစ်ဖက်ရွဲ့၊ မျက်စိတစ်လုံးက စောင်းနေတာကိုး။

သတို့သမီးအိမ်မှာလဲ ကာလသားတစ်ဖွဲ့ မင်္ဂလာအခမ်းအနားအတွက် အလုပ်များနေကြတယ်။ မြို့ကြီးတွေမှာလို ဟိုခန်းမ၊ ဒီခန်းမတွေ ရွေးစရာမရှိတဲ့တောရွာမှာ ဝါးလုံးတိုင်စိုက်၊ ထန်းရွက်ဖျာကြမ်း ကြုံရာအဆင်ပြေရာတစ်ခုခုမိုးပြီး ဘေးအကာအဆင်တန်ဆာမလိုတဲ့မဏ္ဍပ်မျိုးထိုးကြပါတယ်။ အခင်းအကျင်းအတွက် စားပွဲ၊ ကုလားထိုင်၊ တန်းလျားတွေကို အိမ်ပေါက်စေ့လိုက်ငှားပြီး မဏ္ဍပ်အတွင်း သင့်လျော်အောင်ခင်းကျင်းကြတယ်။ ဇွန်း၊ ပန်းကန်ကတော့ ရွာကစုပေါင်းတည်ထောင်ထားတဲ့ ရွာဘုံဆိုတာရှိတယ်။ စရိတ်စကနည်းတဲ့ မင်္ဂလာဆောင်အခမ်းအနား အပြင်အဆင်ပဲဖြစ်ပါတယ်။

(၄)

မင်္ဂလာပွဲနေ့မနက်ခင်း ရွာထဲရှိ အပျို၊ လူပျို၊ ကာလသား၊ ကာလသမီးတွေ သာလှအိမ် တရုန်းရုန်းရောက်လာကြတယ်။ ချက်ထားတဲ့မုန့်ဟင်းခါးဟင်းရည်တွေကို ရေအိုးထဲလှယ်ထည့်ပြီး လူပျိုတွေက ဆိုင်းထမ်းတွေနဲ့ ထည့်ထမ်းဖို့ပြင်ကြတယ်။ မုန့်ဖတ်တွေကို သစ်စေးတောင်းထဲ ငှက်ပျောဖက်ခင်းပြီးထည့်ကာ အမျိုးသမီးတွေက ရွက်ဖို့ပြင်ဆင်ကြတယ်။ အားလုံးပြင်ဆင်ပြီးတာနဲ့ မင်္ဂလာကန်တော့ပွဲထမ်းသူကထမ်းကာ သတို့သားနဲ့ သတို့သားအဖေ၊ အမေ၊ သတို့သားဘက်က ပရိသတ်တွေက မင်္ဂလာမဏ္ဍပ်ရှိရာ သတို့သမီးအိမ်ကို တန်းစီထွက်လာကြတယ်။

"ကိုရင်သာလှကြီး ရွှေချည်၊ ငွေချည်တန်းပါတယ်။ ရွှေလမ်း၊ ငွေလမ်းဖွင့်ပါ"

"ဟဲ့ ဟဲ့ ကလေးတွေ ဆော့လှချေလား။ ဒီလိုမဆော့ရဘူးလေ။ ဒါလေးတွေပျောက်ကုန်ရင် အမေရိုက်လိမ့်မယ်"

သာလှကြီးက တားထားတဲ့ရွှေကြိုးလေးကို လက်ညှိုးနဲ့တို့ကာ ဟန်ပါပါနောက်လိုက်တယ်။

"ကိုရင်သာလှ ရှူးချင်ယောင်မဆောင်ရဘူးနော်။ ကိုရင်သာလှက ကာလသားခေါင်းဆိုတော့ သူများထက် ပိုပေးရမှာနော်။ ဟုတ်တယ်မဟုတ်လား ကောင်မတွေ"

"ဟုတ်တယ် ဟုတ်တယ် သိပ်ဟုတ်"

လုံးတင်တို့အပျိုတစ်စုက လှလှလည်ပင်းကိုယ့်လည်ပင်းဆွဲထားတဲ့ ရွှေဆွဲကြိုးလေးတွေဖြုတ် တစ်ကုံးနဲ့တစ်ကုံးချိတ်ဆက်ပြီး မင်္ဂလာဆောင်ပရိသတ်ကို ဆီးတားနေကြတယ်။ သာလှနဲ့လုံးတင်တို့အဖွဲ့တွေ ဈေးညှိနေကြလို့ ပရိသတ်ခဏတန့်နေရတယ်။ ဒီလိုအတားခံရရင် ရွာရဲ့ထုံးစံ ပေးနေကျငွေပေးရတယ်။ မပေးဘဲ ဘယ်သတို့သားမှ မသွားရဲဘူး။ မပေးဘဲသွားရင် မင်္ဂလာမဲ့တယ်လို့ အယူရှိကြတာကိုး။

မင်္ဂလာမဏ္ဍပ်ရောက်လို့ ဧည့်ပရိသတ်စုံတော့ မင်္ဂလာစကားပြောတဲ့သူက မင်္ဂလာစကားပြောတယ်။ မင်္ဂလာစကားပြောပြီးပြီဆိုမှ မုန့်ဟင်းခါးကျွေးတဲ့အစီအစဉ်စတယ်။ တောရွာမင်္ဂလာဆောင်တွေမှာ မြို့တွေလို ရေခဲမုန့်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ကိတ်မုန့်တွေနဲ့ညှဉ့်ခံတာ မင်္ဂလာမဏ္ဍပ်အတွင်းမှာ မင်္ဂလာဆောင်ဝတ်စုံတွေဝတ်ဆင်ပြီး ဧည့်ပရိသတ်တွေကို သတို့သားနဲ့သတို့သမီးက လက်တွေချိတ်ပြီး လှည့်လည်ဧည့်ခံနေတာတွေ့ရမယ်မထင်ပါနဲ့။ ဓလေ့မရှိပါဘူး။ အရှက်အကြောက်ကြီးတဲ့ အညာတောရွာသဘာဝ သတို့သမီးက မျက်နှာမပြဘဲ ပုန်းနေတတ်ပါတယ်။ အခုလဲ ထွေးခင်က ပုန်းနေတယ်။ ထွေးခင်အဖေနဲ့ အစ်ကို၊ မောင်တွေက အရင်ရက်ကတည်းက အခြားရွာကို ရှောင်နေကြပြီ။

(၅)

မင်္ဂလာဆောင်ည သူမှန်း၊ ငါမှန်းမကွဲတကွဲ မှောင်စပျိုးချိန်မှာ သာလှ ထွေးခင်တို့အိမ်ကိုသွားပြီး ထွေးခင်ကို ခေါ်ခဲ့တယ်။ အမှောင်ထုလွှမ်းမိုးလာတာနဲ့တစ်ပြိုင်နက် ထွေးခင်နဲ့သာလှတို့ အုန်းငှက်ပျောပွဲတွေရွက်ပြီး နှစ်ဖက်မိဘနဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ မောင်တွေကို လိုက်ကန်တော့ကြတယ်။ ဒီလိုညမှောင်မှကန်တော့ကြတဲ့သဘောက မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတာကို အဖေ၊ အစ်ကို၊ မောင်တွေအတွက် အရှက်ရစရာလို့ယူဆကြတဲ့အတွက်ဖြစ်ပါတယ်။ သာလှနဲ့ထွေးခင်တို့ ဆွေမျိုးသားချင်းတွေစုံအောင်ကန်တော့ပြီးတော့ အတော်ညဉ့်နက်နေပြီ။ သက်ကြီးခေါင်းချကြက်တောင် တွန်ပြီးပြီ။ ည ၁၀ နာရီထိုးလောက်တော့ရှိပြီ။ သာလှနဲ့ထွေးခင်တို့ နှစ်ဦးစလုံး နေ့ခင်းကလဲ ပင်ပန်းထားတော့ အနားယူချင်လှပြီ။ သာလှတို့အိမ်ရောက်လို့အနားယူကြရအောင် သတို့သား၊ သတို့သမီးအိပ်ဖို့ပြင်ဆင်ထားတဲ့အခန်းတွင်းဝင်ပြီး ကွပ်ပျစ်ပေါ်တက်လှဲလိုက်တော့ သာလှနားထဲ နွားချူလုံးသံလို ကြားလိုက်ရလို့ မသင်္ကာတာနဲ့ သာလှ ကွပ်ပျစ်ကို ခပ်ကြမ်းကြမ်းလှုပ်ကြည့်လိုက်တယ်။ ချူလုံးသံစုံထွက်လာတယ်။ သာလှ တစ်ဖက်လှည့်ပြီး ကြိတ်

စာမျက်နှာ ၂၄ သို့ ➤

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

---

➤ စာမျက်နှာ ၂၃ မှအဆက်

ပြုံးမိတယ်။ သူများကိုနောက်ခဲ့မိသမျှ ဒီညငါတော့ဝဋ်လည်ပြီလို့တွက်လိုက်တယ်။ ဘယ်သူ့လက်ချက်ဖြစ်မလဲစဉ်းစားနေတယ်။ ထွန်းထားတဲ့မီးခွက်အလင်းရောင်နဲ့ ထွေးခင်မျက်နှာကြည့်လိုက်တော့ ရှက်သွေးဖြာပြီး ရဲနေတယ်။ ဒီဖြစ်ရပ်မျိုးက စိတ်ဆိုးလို့လဲမဖြစ်ဘူး။ တောရွာမှာ လူချစ်လူခင်ပေါတဲ့ကာလသားတွေ မင်္ဂလာဦးညကျီစားခံရတတ်တဲ့ ဖြစ်ရပ်မျိုးတွေပါ။ သာလှလဲ သူများကိုလုပ်ခဲ့ဖူးတာပဲ။ သာလှ ဘာမှမစဉ်းစားတော့ ကွပ်ပျစ်အောက်ဝင် ချုလုံးတွေဖြုတ်ပစ်လိုက်ပြီး ထွေးခင်ကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်တယ်။

"အို. . . အစ်ကိုသာလှကလဲ"

"သိပ်ချစ်လို့ပါ ထွေးခင်ရယ်"

"ဟေး ဟေး ဝါး"

ထွေးခင်က သာလှရင်ခွင်တွင်းက ကမန်းကတန်းရုန်းထွက်လိုက်တယ်။ သာလှတို့အိပ်မဲ့အခန်းဘေးက ကာလသားတစ်စု ချောင်းမြောင်းအနှောင့်အယှက်ပေးကြပြီ။ နောက်ကြပြီ။

"ဟေ့ကောင်တွေ မနောက်နဲ့ကွာ"

သာလှ ပြောပြောဆိုဆို အပြင်ပြေးထွက်လိုက်တော့ တဝုန်းဝုန်းနဲ့ထွက်ပြေးကုန်ကြတယ်။ မီးလင်းနေရင် နောက်ထပ်လာနောက်နေမှာစိုးရိမ်တာနဲ့ မီးခွက်မှုတ်မီးငြိမ်းပြီး အိပ်ရာထက်လှဲလိုက်ကြတော့ အစောကအဖွဲ့ ပြန်ရောက်လာကြပြန်တယ်။

"သာလှယောက်ျား ယောက်ျားသာလှ နားပန်းဆံ"

"နောက်တစ်ခါ လာပြန်ပြီဟေ့"

"ဟေ ဟေ ဝါး ရှို့ရှို့"

သာလှ ဖြောင့်ဖြောင့်တန်းတန်းအိပ်မရတော့ ထွက်လိုက်ရပြန်တယ်။

"ဟေ့ကောင်တွေ မင်းတို့လွန်ပြီထင်တယ်နော်။ မနောက်ကြနဲ့ကွာ"

သာလှ စိတ်မရှည်သလိုဖြစ်လာပြီး အိပ်ရာထဲပြန်လှဲလိုက်တယ်။ ခဏအကြာမှာ သာလှတို့အခန်းဘေး ရောက်လာကြပြန်တယ်။ အော်ဟစ်အသံပေးမနှောင့်ယှက်ပေမဲ့ တဟိဟိ တခိခိလာလုပ်ကြပြန်တယ်။ အရှက်အကြောက်ကြီးတဲ့ ထွေးခင်က အိပ်ဖို့ဘယ်လိုမှပြောမရဘဲ မီးခွက်ထွန်းထထိုင်နေတယ်။ သာလှအတွက်တော့ ခွကျပြီ။ အရှက်ကြီးတဲ့ ထွေးခင်နဲ့ အစအနောက်သန်တဲ့ ကာလသားတွေနဲ့တော့တွေ့ကြပြီ။ ဒီလိုသာဆိုဒီညအိပ်ရတော့မှာမဟုတ်ဘူးဆိုတာ သာလှတွက်လိုက်တယ်။ သာလှ ဘယ်လိုလုပ်ရမလဲတွေးရင်းနဲ့ အကြံတစ်ခုရလိုက်တယ်။ ကာလသားတွေ နောက်ထပ်မနှောင့်ယှက်နိုင်အောင် သူတို့လစ်တဲ့အလစ် စောင်၊ ခေါင်းအုံးတွေယူပြီး ထွေးခင်လက်ကလေးဆွဲကာ အိမ်နောက်ဖေးပေါက်က တိတ်တဆိတ်ထွက်ခဲ့တယ်။ သာလှအကြံက အိမ်နဲ့သိပ်မဝေးတဲ့ ရွာပြင်က သူ့ကြက်သွန်ခင်းစောင့်တဲ့တဲကို ပြောင်းရွှေ့အိပ်ဖို့ထွက်လာတာပါပဲ။ ညဉ့်ကလဲနက်လှပြီ သန်းခေါင်ကြက်တွန်ပြီးပြီ။ အခုမှ စိတ်ချမ်းသာကိုယ်ချမ်းသာ အိပ်ကြရတော့မယ်။ ကြက်သွန်ခင်းဖြတ်တိုက်လာတဲ့ လေနုအေးလေးကြောင့် နှစ်ဦးသားကြည်နူးသွားတယ်။ အနှောင့်အယှက်တွေ ကင်းဝေးသွားပြီ။ လောကကြီးတစ်ခုလုံးကိုမေ့ပြီး ထွေးခင်လေးကို ချစ်ပြလိုက်တော့မယ်။ သာလှနဲ့ထွေးခင် တစ်ယောက်ကိုတစ်ယောက် စန္ဒကိန္နရီမောင်နှံထုံးနှလုံးမူပြီး ချစ်ရတဲ့အကြောင်း၊ လွမ်းရတဲ့အကြောင်းတွေ အပြန်အလှန်ပြောနေကြတုန်း ဝေါခနဲအသံနဲ့အတူ တဲကိုကာထားတဲ့ ထန်းရွက်တွေကြားက မည်းခနဲ ဦးခေါင်းကြီးတစ်လုံးဖောက်ဝင်လာတယ်။ သာလှတို့ ကြက်သွန်ခင်းတဲကို ပြောင်းရွှေ့အိပ်တာကို မြင်တဲ့လူက မြင်လိုက်တော့ ကာလသားတွေ တိတ်တဆိတ်လိုက်ချောင်းကြတာပါပဲ။ ထန်းရွက်ပေါက်တွေကြားက အလုအယက်တိုးချောင်းနေကြတဲ့အထဲက ရှေ့ဆုံးက ကုန်းကြည့်နေတဲ့ ကိုရင်လူထွက်သာအေးကို နောက်တက်လာတဲ့ကာလသားခေါင်းအသစ် မှတ်ကြီးက နောက်ကနေခြေထောက်နဲ့ကန်လိုက်လို့ အားလွန်ပြီး ထန်းရွက်ကြားက ဦးခေါင်းကြီးဖောက်ဝင်သွားတာပါပဲ။ ဒီတစ်ခါတော့ သာလှသည်းမခံနိုင်တော့ ဒေါသအကြီးအကျယ်ထွက်သွားတယ်။ အိပ်ရာခေါင်းရင်းထောင်ထားတဲ့ လှံဆွဲပြီးထလိုက်တော့တယ်။ ချောင်းနေတဲ့ ကာလသားတွေလဲ ကြောက်အားလန့်အားနဲ့ ကြက်သွန်ခင်းထဲက ဖြတ်ပြေးကြတယ်။

"ဝုန်း အမယ်လေး သေပါပြီဗျ။ ကယ်ကြပါအုံး"

ကြောက်ကြောက်နဲ့ပြေးရင်း သာအေး အမှောင်ထဲမှာ ရေတွင်းမမြင်ဘဲ ရေတွင်းထဲပြုတ်ကျသွားတာပါပဲ။ ဒေါသထွက်နေတဲ့သာလှက အပေါ်က လှံနဲ့ထိုးမယ်လုပ်နေလို့-

"ကိုသာလှ မှားမယ် မှားမယ် မလုပ်နဲ့။ သူ့အစား ကျုပ် တောင်းပန်ပါတယ်"

အနီးအနားရောက်လာတဲ့ မှတ်ကြီးနဲ့ ကာလသားတွေ ဝိုင်းတောင်းပန်ပြီး သာလှကိုဆွဲထားရတယ်။ သာအေးကို ရေတွင်းထဲကဆယ်ပြီး သာလှကျေနပ်တဲ့ထိ တောင်းပန်ကြကာ ရွာဆီကို ပြန်ကုန်ကြတယ်။ လဆုတ် ၈ ရက်ညရဲ့ လခြမ်းကွေးလေးက အရှေ့ဆီက ရေးရေးထွက်နေပြီ။ အခုမှပဲ သာလှရဲ့ မင်္ဂလာဦးည သာယာလှပအေးချမ်းသွားပါတော့တယ်။

"ကြက်သွန်ခင်းတဲပေါ် စက်တော်ခေါ် ထတော်မူပါ အရှင့်သား"

ညက အိပ်ရေးပျက်လို့ အိပ်ပျော်နေတဲ့သာလှ အသံတွေကြားလို့ နိုးလာတယ်။ ကြည့်လိုက်တော့ အကြော်ပန်းကန်ကိုင်လာတဲ့ သာအေးနဲ့ ကောက်ညှင်းပေါင်းပန်းကန်ကိုင်ထားတဲ့ မှတ်ကြီးတို့ကာလသားတွေဖြစ်နေတယ်။ တဲအပြင်မှာ နေကျဲကျဲပူနေပြီ။ နေထန်းတစ်ဖျားလောက်ရှိနေပြီ။

"ဟေ့ကောင်တွေ မင်းတို့ရောက်လာကြပြန်ပြီလား။ နေ့နှောင့်ယှက် ညနှောင့်ယှက်မလုပ်နဲ့ သွားကြကွာ သွားကြ။ မင်းတို့ကို တစ်ယောက်မှ ငါမတွေ့ချင်ဘူး"

သာလှက ဒေါသတကြီးအော်လွတ်တယ်။

"စိတ်ဆိုးတော်မမူပါနဲ့အရှင့်သား။ ညကအရေး ခွင့်လွှတ်တော်မူပါမည့်အကြောင်း ကျွန်တော် ကာလသားခေါင်းမှတ်ကြီးနဲ့ သာအေးက ဒေါ်ကုလားမအကြော်နဲ့ ကောက်ညှင်းပေါင်း ပွဲတော်တည်ရအောင် လာရောက်ဆက်သကြောင်းပါဗျား"

"ဝါး ဟား ဟား"

မှတ်ကြီးရဲ့ခေါင်းလေးငုံ့ ဒူးလေးထောက် ကောက်ညှင်းပေါင်းပန်းကန်မြှောက် ဟန်ပါပါအပြောကြောင့် ကာလသားတွေနဲ့ သာလှပါသဘောကျပြီး ဝိုင်းရယ်ကြတယ်။

"ခွီးတယ်မှ မင်းတို့တကယ်နောက်တဲ့ကောင်တွေကွာ။ မနေ့ညက မင်းတို့ပြန်သွားတော့ ထွေးခင်က သူ့အိမ်ပြန်ပါမယ်တကဲကဲလုပ်နေလို့ ချော့လိုက်ရတာ မိုးလင်းရော။ ငါ့မင်္ဂလာဦးညကတော့ အမှတ်တရမင်္ဂလာဦးညပါပဲကွာ"

"ဟေး ဟေးလားကွဲ့မောင်ရို့ ဝမ်းစမိုးရယ်သောသောညံ့. . . သာလှယောက်ျား ယောက်ျားသာလှ နားပန်းဆံ"

ကာလသားတွေ ဇာတ်တိုက်ထားတဲ့အတိုင်း အားလုံးက လက်ခုပ်တီးသီချင်းဆိုပေး သာအေးက ကွေးနေအောင်ကရင်း အားလုံးပျော်မြူးနေကြပါတော့တယ်။

# ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲစဉ်မှာ အသင်းလိုက်ကစားပုံထက်မြက်နေတဲ့ ဆွစ်ဇာလန်အသင်း၊ ခရိုအေးရှားအသင်း၊ အီတလီအသင်းတို့ကို ရွေးချယ်ရမှာပါ



ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲကိုတော့ ဇွန် ၁၅ ရက်မှာ ဂျာမနီနိုင်ငံမှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲတွေကိုတော့ ဂျာမနီနိုင်ငံရဲ့ မြို့တော်တွေဖြစ်တဲ့ ဘာလင်၊ ဟမ်းဘတ်၊ စတုဂတ်၊ ကိုလုံး၊ ဒေါ့မွန်၊ ဒူဆယ်ဒေါ့၊ ဖရန့်ဖတ်၊ လိုက်ပ်ဇစ်၊ ဂယ်ဆန်ကီယာချန်၊ မြူးနစ်မြို့ကြီးတွေမှာ ကျင်းပသွားမှာပါ။ လက်ရှိပြိုင်ပွဲမှာတော့ ခြေစစ်ပွဲအောင်မြင်ထားတဲ့ပြိုင်ပွဲဝင်အသင်း ၂၄ သင်းကို အုပ်စုခြောက်ခုခွဲပြီး အုပ်စုပထမနဲ့ ဒုတိယနေရာက အသင်းတွေနဲ့ အုပ်စုတတိယနေရာက အကောင်းဆုံးအသင်း လေးသင်းတို့က ရှုံးထွက်အဆင့်ကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဖွင့်ပွဲစဉ်မတိုင်မီ ခြေစမ်းပွဲနဲ့ လေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရကစားသမားတွေရှိနေတာကြောင့် လာမဲ့စနေနေ့ညမှာ ကစားမဲ့ယူရို ၂၀၂၄ အဖွင့်ပွဲမှာ အရန်ကစားသမားစုဖွဲ့မှုကောင်းပြီး ကစားပုံထက်မြက်တဲ့အသင်းတွေကိုသာ ဦးစားပေးရွေးချယ်ရမှာဖြစ်ပါတယ်။

### ဆွစ်ဇာလန်အသင်းကို ရွေးချယ်ရမှာပါ

ယူရို ၂၀၂၄ အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဟန်ဂေရီအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟန်ဂေရီအသင်းဟာ ၂၀၁၈ ခုနှစ်မှာ နည်းပြရော့စီတာဝန်ယူပြီးနောက်ပိုင်း ကစားပုံတိုးတက်လာခဲ့တာကြောင့် ယူရိုပြိုင်ပွဲမှာ ဆက်တိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၁၉၆၄ ခုနှစ်နဲ့ ၁၉၇၂ ခုနှစ်တွေမှာ ခြေစစ်ပွဲအောင်ခဲ့ပေမဲ့ ကျန်နှစ်တွေမှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ၂၀၁၆ ခုနှစ်ကစလို့ အခုချိန်ထိ ဆက်တိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းကိုတော့ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားအများစုနဲ့သာ စုဖွဲ့ထားပြီး ဆိုဘော့ဇလိုင်၊ အော်ဘန်တို့လို ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားအနည်းငယ်ရှိတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ယူရိုခြေစစ်ပွဲမှာတော့ အိမ်ကွင်းကစားပုံကောင်းခဲ့တာကြောင့် ရလဒ်ကောင်းခဲ့ပေမဲ့ အဝေးကွင်းမှာတော့ အားနည်းချက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် လက်ရှိပြိုင်ပွဲမတိုင်မီ ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာ တူကီယဲ၊ ကိုဆိုဗို၊ အစ္စရေးတို့လို ခြေရည်တူအသင်းတွေကို အိမ်ကွင်းမှာ နိုင်ပွဲရခဲ့ပေမဲ့ အိုင်ယာလန်အသင်းကိုတော့ အဝေးကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာမရှိလို့ အဖွင့်ပွဲစဉ်မှာ ရှန်းကန်ရဖို့ သေချာပါတယ်။

ကမ္ဘာ့အဆင့်(၁၉)မှာ ရပ်တည်နေတဲ့ ဆွစ်ဇာလန်အသင်းကတော့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်သလို နောက်ပိုင်းနှစ်တွေမှာ အဓိကပြိုင်ပွဲတွေနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ အောင်မြင်မှုမရခဲ့ပေမဲ့ ယူရို ၂၀၂၀ ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်ဟာ ယူရိုပြိုင်ပွဲအုပ်စု (A) မှာ ဂျာမနီ၊ စကော့တလန်၊ ဟန်ဂေရီတို့နဲ့ ကစားရမှာပါ။ လက်ရှိမှာတော့ နည်းပြယာကင်က ဥရောပကလပ်တွေမှာ ထိပ်တန်းအဆင့်ရှိတဲ့ ဆွန်မာ၊ ကိုဘယ်၊ ဖေဘီယန်ရှာ၊ အာကန်ဂျီ၊ ရှာကာ၊ အဘစ်ရှာ၊ ဗားဂက်စ်၊ အိုကာဖော်၊ အန်ဒိုရီတို့လို ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အုပ်စု (A) မှာ ဂျာမနီပြီးရင် ဆွစ်ဇာလန်က စုဖွဲ့မှုအကောင်းဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာလဲ ဆွစ်ဇာလန်ဟာ ရှုံးပွဲမရှိခဲ့ဘဲ ဒိန်းမတ်၊ ဩစတြီးယားတို့လို အသင်းတွေကို သရေကစားနိုင်ခဲ့ပြီး အိုင်ယာလန်၊ အက်စ်တိုးနီးယားတို့ကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်ဟာ ဟန်ဂေရီနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုကော၊ ကစားပုံပါ သာလွန်နေတဲ့အသင်းဖြစ်သလို အတွေ့အကြုံပိုင်းကလဲ ဆွစ်ဇာလန်က ပိုကောင်းနေတာကို တွေ့ရမှာပါ။ ဟန်ဂေရီရဲ့ကစားပုံဟာ ခြေရည်တူအသင်းတွေနဲ့ဆို ခံစစ်ပိုင်းဂိုးပေးရလေ့ရှိပြီး အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေ ပေးဂိုးများတတ်တာကြောင့် အခုအဖွင့်ပွဲစဉ်မှာ ကစားပုံတောင့်တင်းတဲ့ ဆွစ်ဇာလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဟန်ဂေရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟန်ဂေရီ | ၃ | - | ၁ | မွန်တီနီဂရိုး |
| ဟန်ဂေရီ | ၁ | - | ၀ | တူကီယဲ |
| ဟန်ဂေရီ | ၂ | - | ၀ | ကိုဆိုဗို |
| အိုင်ယာလန် | ၂ | - | ၁ | ဟန်ဂေရီ |
| ဟန်ဂေရီ | ၃ | - | ၀ | အစ္စရေး |

**ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုမေးနီးယား | ၁ | - | ၀ | ဆွစ်ဇာလန် |
| ဒိန်းမတ် | ၀ | - | ၀ | ဆွစ်ဇာလန် |
| အိုင်ယာလန် | ၀ | - | ၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၄ | - | ၀ | အက်စ်တိုးနီးယား |
| ဆွစ်ဇာလန် | ၁ | - | ၁ | ဩစတြီးယား |

### ခရိုအေးရှားအသင်းကို အားပေးရမှာပါ

ယူရိုအဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ စပိန်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ ပွဲစဉ်ဖြစ်ပါတယ်။ စပိန်နဲ့ ခရိုအေးရှားဟာ ယူရိုပြိုင်ပွဲအုပ်စု(B) မှာ အီတလီ၊ အယ်ဘေးနီးယားတို့နဲ့ ကစားရမှာဖြစ်တာကြောင့် အုပ်စုအဆင့်က ကျော်ဖြတ်ဖို့ခက်ခဲမယ်လို့ ဆိုရမှာပါ။ စပိန်ဟာ ယူရိုပြိုင်ပွဲမှာ ချန်ပီယံဆုသုံးကြိမ်ထိ ရယူနိုင်ခဲ့သလို ပြီးခဲ့တဲ့ပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ အခုပြိုင်ပွဲမှာ ဖိုလ်စွဲဖို့ ရေပန်းစားနေတဲ့အသင်းဖြစ်သလို ကစားသမားစုဖွဲ့မှုလဲ တောင့်တင်းတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ ခြေစွမ်းပိုင်းထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားပြီး အရန်ကစားသမားတွေကအစ ကောင်းမွန်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဖူအန်တီလက်ထက်မှာ တိုက်စစ်ကစားပုံထက်မြက်လာတာကြောင့် အသင်းတိုင်းကို တိုက်စစ်မြင့်ဖိအားပေးနိုင်ခဲ့ပေမဲ့ ခံစစ်အားပြုကစားတဲ့အသင်းတွေနဲ့ဆိုရင် မထင်မှတ်ဘဲနေရာလွတ်တွေရှိခဲ့တာကြောင့် ပြိုင်ဘက်အသင်းရဲ့ တန်ပြန်တိုက်စစ်ကို မထိန်းနိုင်ဘဲ ရှုံးခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် ယူရိုခြေစစ်ပွဲက စကော့တလန်နဲ့ ကစားခဲ့ရတဲ့အဝေးကွင်းပွဲစဉ်နဲ့ ကိုလံဘီယာနဲ့ ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ စပိန်အသင်းရဲ့အားနည်းချက်ကို တွေ့ရမှာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းကလဲ ယူရိုပြိုင်ပွဲသမိုင်းမှာ အမြင့်ဆုံး ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ပေမဲ့ အတွေ့အကြုံပိုင်းမှာတော့ စပိန်အသင်းကို ယှဉ်ကစားနိုင်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဒါလစ်လက်ထက်မှာ အောင်မြင်မှုရလာတဲ့အသင်းဖြစ်ပြီး ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ကြိမ်ဆက်တိုက် ဒုတိယနဲ့ တတိယနေရာရရှိခဲ့တာဖြစ်ပါတယ်။ ခရိုအေးရှားဟာ စပိန်နဲ့ တွေ့ဆုံခဲ့တဲ့ ယူရိုပြိုင်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိကစားသမားစုဖွဲ့မှုကလဲ စပိန်အသင်းကို ယှဉ်လို့ရသလို ဂါဗာဒီယို၊ စတန်နစ်ဆစ်၊ ဂျူရန်နိုဗစ်၊ ဆိုဆာ၊ လူကာမိုဒရစ်၊ ကိုဗာဆစ်၊ ဘရိုဇိုဗစ်၊ ပါဆာလစ်၊ ပါရီဆစ်၊ ပက်ကိုဗစ်တို့နဲ့စုဖွဲ့ထားပြီး ဒီကစားသမားတွေဟာ ကလပ်အသင်းနဲ့ နိုင်ငံအသင်း ယှဉ်ရင် နိုင်ငံအသင်းမှာ ခြေစွမ်းပိုင်းပိုကောင်းတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ခရိုအေးရှားဟာ စပိန်အသင်းကို ထိန်းချုပ်ဖို့ ကြိုးစားပြီး သရေရလဒ်ကစားဖို့ ဦးတည်လာနိုင်သလို စပိန်အသင်းက လူငယ်ကစားသမားတွေ ဖွင့်တိုက်ရင်တော့ တန်ပြန်တိုက်စစ်ကနေ ဂိုးပေးရပြီး ရှုံးပွဲကြုံသွားနိုင်ပါတယ်။ ဒါပေမဲ့ အခုအဖွင့်ပွဲဟာ နှစ်သင်းစလုံးအတွက် သရေတစ်မှတ်ရရင် ကျေနပ်မဲ့အခြေအနေရှိနေတာကြောင့် ကစားပုံတည်ငြိမ်တဲ့ ခရိုအေးရှားအသင်းကိုပဲ အားပေးရမှာပါ။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၁ | ဂျော်ဂျီယာ |
| စပိန် | ၀ | - | ၁ | ကိုလံဘီယာ |
| စပိန် | ၃ | - | ၃ | ဘရာဇီး |
| စပိန် | ၅ | - | ၀ | အန်ဒိုရာ |
| စပိန် | ၅ | - | ၁ | မြောက်အိုင်ယာလန် |

**ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ခရိုအေးရှား | ၁ | - | ၀ | အာမေးနီးယား |
| တူနီးရှား | ၀ | - | ၀ | ခရိုအေးရှား |
| အီဂျစ် | ၂ | - | ၄ | ခရိုအေးရှား |
| ခရိုအေးရှား | ၃ | - | ၀ | မြောက်မက်ဆီဒိုးနီးယား |
| ပေါ်တူဂီ | ၁ | - | ၂ | ခရိုအေးရှား |

### အီတလီအသင်း ရလဒ်ကောင်းမှာပါ

အုပ်စု (B) အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ အသင်းကတော့ အီတလီအသင်းနဲ့ အယ်ဘေးနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အီတလီဟာ လက်ရှိချန်ပီယံဖြစ်ပေမဲ့ ပြီးခဲ့တဲ့ ယူရိုပြိုင်ပွဲမှာ ပါဝင်တဲ့ နည်းပြနဲ့ ကစားသမားတွေမဟုတ်တော့တာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိတော့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုခြေစစ်ပွဲမှာလဲ နိုင်သင့်တဲ့ပွဲတွေကို မနိုင်ခဲ့တာကြောင့် ခြေစစ်ပွဲအောင်ဖို့ နောက်ဆုံးအချိန်ထိ ယူကရိန်းနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ နည်းပြစပယ်လက်တီဟာ အသင်းရဲ့ခံစစ်ကစားပုံကို ပြင်ဆင်နိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ခြေစမ်းပွဲတွေမှာ ရှုံးပွဲမရှိခဲ့ဘဲ ခံစစ်ပိုင်းကလဲ တစ်ဂိုးသာခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်နဲ့ ဒုတိယနှစ်ကြိမ်ရခဲ့ပြီး အောင်မြင်မှုရခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ဆိုရင် အယ်ဘေးနီးယားကို ဂိုးရသလောက်သွင်းမှ လာမဲ့ပွဲစဉ်တွေမှာ အုပ်စုအဆင့်က တက်ဖို့အခွင့်အရေးကောင်းမှာပါ။ အခုပွဲမှာ အီတလီအသင်းအနေနဲ့ ဥရောပမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အယ်ဘေးနီးယားလို အဘက်ဘက်က အားနည်းနေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

အယ်ဘေးနီးယားအသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၂၀၁၆ ခုနှစ်နဲ့ အခုနှစ် နှစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၆ ခုနှစ်မှာလဲ အုပ်စုအဆင့်နဲ့ ကျေနပ်ခဲ့ရပြီး အခုနှစ်မှာလဲ အုပ်စုကျပ်နေတာကြောင့် အုပ်စုအဆင့်ကပဲ လှည့်ပြန်ရဖို့ များပါတယ်။ သူတို့အသင်းဟာ ဥရောပကလပ်တွေက ခြေစွမ်းပြကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ အီတလီနဲ့ယှဉ်ရင် ကစားသမားကွာဟချက် တစ်ဆင့်နိမ့်နေတာကြောင့် အခုပွဲမှာ အနိုင်ရဖို့ထက် ဂိုးပြတ်မရှုံးဖို့သာ ကြိုးစားရမှာပါ။ သူတို့အသင်းဟာ ယူရိုခြေစစ်ပွဲအဆင့်မှာ ချက်ဇ်၊ ပိုလန်တို့ကို ကျော်ဖြတ်ပြီး အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့ အခုအုပ်စုမှာကစားရမဲ့အသင်းတွေက စပိန်၊ ခရိုအေးရှား၊ အီတလီတို့လို အသင်းကြီးတွေဖြစ်နေတာကြောင့် သရေကစားဖို့တောင် ရှန်းကန်ရဖို့ များပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲလေးပွဲမှာလဲ ဆွီဒင်၊ ချီလီတို့လို အသင်းတွေကို ရှုံးနိမ့်ခဲ့ပြီး လက်ချင်စတိန်း၊ အဇာဘိုင်ချန်တို့လို အသင်းတွေကိုသာ အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ အယ်ဘေးနီးယားဟာ အီတလီနဲ့ တွေ့ဆုံခဲ့တဲ့ လေးကြိမ်မှာလဲ လေးပွဲစလုံး ရှုံးခဲ့တာကြောင့် အခုပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းသာလွန်နေတဲ့အီတလီအသင်းပဲ ရလဒ်ကောင်းမှာပါ။

**အီတလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၀ | - | ၀ | အီတလီ |
| အီတလီ | ၂ | - | ၁ | ကိုလံဘီယာ |
| အီတလီ | ၂ | - | ၀ | ဗင်နီဇွဲလား |
| အီတလီ | ၀ | - | ၀ | တူကီယဲ |
| အီတလီ | ၁ | - | ၀ | ဘော့ဇနီးယား |

**အယ်ဘေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်ဘေးနီးယား | ၀ | - | ၀ | ဖားရိုးကျွန်းစု |
| အယ်ဘေးနီးယား | ၀ | - | ၃ | ချီလီ |
| ဆွီဒင် | ၁ | - | ၀ | အယ်ဘေးနီးယား |
| အယ်ဘေးနီးယား | ၃ | - | ၀ | လက်ချင်စတိန်း |
| အယ်ဘေးနီးယား | ၃ | - | ၁ | အဇာဘိုင်ချန် |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၃-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၆၅။ | ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်အုန်းကျင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၀၆၆။ | ကွယ်လွန်သူမိဘများအားအမှူးထား၍ ဒေါက်တာနေဝင်းနှင့်ဇနီး ဒေါ်နှင်းမာလှဦး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၀၆၇။ | မြိတ်ကျွန်းစုမိသားစုကောင်းမှု | ၂၇၅၀၀၀ |
| ၉၀၆၈။ | ဒေါ်ခင်ခင်နှင့် ထိုင်းသူငယ်ချင်း(၄)ယောက် မိသားစုကောင်းမှု | ၂၆၁၀၀၀ |
| ၉၀၆၉။ | ကိုအောင်မြင့်မြတ်နှင့်ဇနီး မအေးအေးခိုင်မိသားစုကောင်းမှု | ၁၆၀၀၀၀ |
| ၉၀၇၀။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်ဝါဝါခိုင်(ကျောင်းအုပ်ဆရာမကြီး) မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၀၇၁။ | ဦးအောင်ညွှန့်နှင့်ဇနီး ဒေါ်နီနီလွင်၊ (သမီး)မအိမ့်အယ်သူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၀၇၂။ | ကွယ်လွန်သူဦးစောဖာဒါအားရည်စူး၍ မိသားစုကောင်းမှု | ၁၀၅၀၀၀ |
| ၉၀၇၃။ | ဗိုလ်မှူးကြီးညီဇော်ထက်နှင့်ဇနီး ဒေါ်မေသူဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၄။ | ဗိုလ်မှူးမျိုးဝင်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၅။ | ဒေါ်သဇင်မြင့်အောင်၊ (သား)မောင်ဇင်ကျော်ကျော်လွင် (သမီး)မပိုမိုမြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၆။ | ကွယ်လွန်သူဦးသန်းမောင်အားရည်စူး၍ ဒေါ်ငြိမ်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၇။ | ဦးဝင်းဦးနှင့်ဇနီး ဒေါက်တာဝင်းဝင်းကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၈။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်ညိုအားရည်စူး၍ ဦးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်ဇာနည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၇၉။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်ဖြူဖြူလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၀။ | မပွင့်ဖြူ(အရုပ်ဆိုင်)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၁။ | ဒေါ်ယဉ်ယဉ်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၂။ | ဦးစိုင်းတင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၃။ | ကွယ်လွန်သူဒေါ်ဝင်းစိန်အားရည်စူး၍ ဦးသောင်းစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၄။ | ဦးမောင်မောင်ဇင်မင်းနှင့်ဇနီး ဒေါ်မိမိစံ၊ (သား)မောင်မင်းသီတာကို၊ (သမီး)မသွန်းသံစဉ်နွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၈၅။ | ဆရာတော်ဦးဥက္ကံသကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၆။ | ဦးရန်လောက်ဆန်နှင့်ဇနီး ဒေါ်ရန်ကိုင်ဆော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၈။ | ရဲမှူးဖုန်းမြင့်နှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၈၉။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၀။ | ဦးစိုင်းဆန်စစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၁။ | မိဘနှစ်ပါးအမှူးထား၍ ဦးကျော်စောနှင့်ဇနီး ဒေါ်သန္တာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၂။ | မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၃။ | ဦးသောင်းလွင်နှင့်ဇနီး ဒေါ်ဝိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၄။ | ဦးမင်းဆွေနှင့်ဇနီး ဒေါ်စန္ဒာဆင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၅။ | ကိုဇော်မိုးသိန်းနှင့်ဇနီး မအိအိမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၆။ | ကွယ်လွန်သူဦးသိန်းဝင်းအောင်အားရည်စူး၍ (ဇနီး)ဒေါ်တင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၇။ | ဦးစိန်ရွှေနှင့်ဇနီး ဒေါ်ငွေးကြင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၈။ | ဦးထင်ရှမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၉၉။ | ဦးအေးသောင်းနှင့်ဇနီး ဒေါ်ခင်နှင်းယုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၀။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်နီနီမာ၊ (သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၁။ | ကိုကိုမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၂။ | ကိုဖြိုးဇော်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၃။ | ဦးကျော်လွင်နှင့်ဇနီး ဒေါ်သန်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၄။ | ကိုခိုင်စန်းနှင့်ဇနီး မစောနီလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၅။ | ဦးချိန်ယုနှင့်ဇနီး ဒေါ်လိကယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၆။ | ဦးသန်းထူးနှင့်ဇနီး ဒေါ်ယုယုမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၇။ | ကိုဝင်းနိုင်နှင့်ဇနီး မမြနန်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၀၈။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးစိုးမိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းနိုင်မိသားစုကောင်းမှု | ၇၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၁၀၉။ | ဦးအုံးကျော်နှင့်ဇနီး ဒေါ်မူမူလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၀။ | ဦးမျိုးလှိုင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၁။ | ကိုနိုင်သူကျော်နှင့်ဇနီး ဒေါ်ဇင်မာမြင့်၊ (သမီး)မသင်းရနံ့နိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၂။ | ကွယ်လွန်သူဦးဖိတ်နှင့် ဦးရွှေချိုတို့အားရည်စူး၍ ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်စိန်စိန်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၃။ | ဦးဉာဏ်မြင့်ကျော်နှင့်ဇနီး ဒေါ်ကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၄။ | ဦးစိုးလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၅။ | ဦးတင်အောင်ကိုနှင့်ဇနီး ဒေါ်စိုးစိုးရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၆။ | ဦးမြသန်းနှင့်ဇနီး ဒေါ်ကေသီလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၇။ | ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၈။ | ဦးမြအုန်းနှင့်ဇနီး ဒေါ်ညွန့်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၁၉။ | ကွယ်လွန်သူဦးမောင်ချစ်နှင့်ဇနီး ဒေါ်တင်တို့အား ရည်စူး၍ (သမီး)ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၀။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများနှင့် ဦးပလုတ်တို့အား ရည်စူး၍ ဒေါ်ဘေဘီထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၁။ | ဦးဉာဏ်မြင့်နှင့်ဇနီး ဒေါ်နှင်းမြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၂။ | ဆရာလေးနန္ဒာစာရီကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၃။ | မလဲ့ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၄။ | Ocean Light မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၅။ | ဦးခိုင်မင်းထွန်းနှင့်ဇနီး ဒေါ်သက်သက်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၆။ | ဒေါ်နန်းရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၇။ | ဒေါ်သန်းမြတ်စိုး(ညီအစ်မ)ဒေါ်တင်တင်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၈။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်စန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၂၉။ | ဦးမောင်မောင်နိုင်နှင့်ဇနီး ဒေါ်စန်းစန်းထူး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၃၀။ | ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်ကေခိုင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၃၁။ | ဒေါ်စိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၃၂။ | ကိုဇော်ဇော်အောင်နှင့်ဇနီး မအိအိသွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၃၃။ | ဒေါ်ခင်ကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## ဖခင်အမည်မှန်

မန္တလေးမြို့၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မလိရှိချင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလီကိန်ကျိမ် ဖြစ်ပါကြောင်း။

**ဦးလီကိန်ကျိမ်(၁၃/ကခန(နိုင်)၀၁၁၄၇၈)**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အ.ထ.က (အိုးပုံတော)၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ညဏ်ရဲလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးရဲဝင်းအောင်(၉/နထက(နိုင်)၁၀၆၆၁၅)**

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ အ.ထ.က(စဥ့်ကိုင်)၊ Grade-12(A)မှ ကျောင်းဝင်အမှတ်(က-၁၃၃၆၆) မောင်ကျော်ကျော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပြုံးချို (၉/စကတ(နိုင်)၀၈၄၀၆၇) ဖြစ်ပါကြောင်း။ **ဦးပြုံးချို(၉/စကတ(နိုင်)၀၈၄၀၆၇)**

## အမည်ပြောင်း

မန္တလေး၊ နွားထိုးကြီးမြို့နယ်၊ မိုးတိမ်ပြင်ကျေးရွာနေ ဦးရဲဝင်းအောင် ၏သား မောင်ညဏ်လင်းမောင် အား မောင်ညဏ်ရဲလင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ညဏ်ရဲလင်း**

## ပျောက်ဆုံးကြောင်း

74 လမ်း၊ Garden City Condo၊ Tower (14) နေ ဦးမျိုးအေး (ဘ) ဦးမျိုးမြင့် (၅/ကသန(နိုင်)၀၆၅၂၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-576163) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၀၉၃၆၄၆၄

**ပလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်း ရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင် ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ် များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်သော (၇၇)နှစ် မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေ ခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည် ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုး ဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များ ဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင် ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုး မှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက် ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေ ရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်




**နေပြည်တော် ဇွန် ၁၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသ ကြီး ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြ သည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး များ၊ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ၂၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉